# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဋ္ဌမြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၈၇ ခုနှစ်၊ တန်ခူးလကွယ်၊ စနေနေ့။ Saturday, 26 April 2025 ၁၁၇၉၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ( ၃/၂၀၂၅) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ( ၃/၂၀၂၅)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၅

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၃/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကော်မတီဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

## ယနေ့ ဖတ်စရာ


တန်ခူးလ စာအလင်္ကာများ — ဆောင်းပါး စာမျက်နှာ » ၆

ဆက်သွယ်ဆောင်ရွက်နိုင်ရေး အသိပေးအကြောင်းကြားခြင်း — စာမျက်နှာ » ၇

ဈေးကွက်အတွင်း ဘိလပ်မြေဈေးနှုန်းများ အဆမတန်ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း မရှိစေရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေး — စာမျက်နှာ » ၉

လျှပ်စစ်ကဏ္ဍ၌ စွမ်းအင်အရင်းအမြစ်သုံးစွဲမှုအချိုးအစား — ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# သဘာဝပတ်ဝန်းကျင်ဖြစ်ပေါ်မှုဂရုပြု အပူဒဏ်အန္တရာယ် သတိပြုကာကွယ်

မြန်မာနိုင်ငံတွင် နွေရာသီကာလ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို သတိပြု၍ ကြိုတင်ကာကွယ်ကြရမည့်ကာလဖြစ်သည်။ နွေဦးရာသီ ပြီးခဲ့သည့်မတ်လကုန်က ဖြစ်ပေါ်ခဲ့သော အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်ခံစားခဲ့ကြရသည်။ တစ်ဆက်တည်းတွင် အပူချိန်ပြင်းထန်မှုနှင့် အပူပြန်တိမ်တိုက်များကြောင့် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်စဉ်များကိုလည်း သတိပြုရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် မိမိအကျိုး၊ အများအကျိုးအတွက် နိစ္စဓူဝလုပ်ကိုင်ဆောင်ရွက်နေကြရာ သဘာဝပတ်ဝန်းကျင် ပြောင်းလဲဖြစ်ပေါ်နေသည့်ဖြစ်စဉ်များကို လုပ်ရင်းကိုင်ရင်းနှင့်ပင် သတိပြု၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ဖွယ်ကိစ္စများကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ပူအိုက်စွတ်စိုသောနိုင်ငံဖြစ်ပြီး ရှေးကာလများက အပူချိန်သိသိသာသာပြင်းထန်ခြင်းမရှိပေ။ လွန်ခဲ့သောရာစုနှစ်ဝက်က နွေရာသီ၏ ပျမ်းမျှအပူချိန်သည် ၁၀၀ ဒီဂရီဖာရင်ဟိုက်အောက် သို့မဟုတ် ၄၀ ဒီဂရီစင်တီဂရိတ်အောက်သာရှိသည်။ သင့်တင့်သောအပူချိန်အောက်၌ နွေရာသီကာလများကို ဖြတ်သန်းနိုင်ခဲ့သည်။

ယခုအခါ ရာသီဥတုကို ပြောင်းလဲစေနိုင်သော အကြောင်းအမျိုးမျိုးတို့ကြောင့် နွေရာသီအပူချိန်သည် သိသာစွာပူပြင်းလာသည်ကို ခံစားနိုင်သည်။ ယခုဧပြီလ စတုတ္ထပတ်တွင် မြန်မာနိုင်ငံအလယ်ပိုင်း၏ အမြင့်ဆုံးအပူချိန်မှာ ၁၁၀ ဒီဂရီဖာရင်ဟိုက်နှင့်အထက် သို့မဟုတ် ၄၄ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ၄၅ ဒီဂရီဆဲလ်စီးယပ်ခန့်ပင် ရှိနေပြီဖြစ်သည်။ ထို့ကြောင့် အပူချိန်ပြင်းထန်လာမှုကို နိုင်ငံတစ်ဝန်းတွင် သိသိသာသာခံစားနေကြရသည်။ အပူချိန်ကို ပင်လယ်ပြင်အပူချိန်နှင့် နှိုင်းယှဉ်လေ့ရှိသည်။ ပင်လယ်ပြင်အထက် ပေ ၃၀၀ သို့တက်တိုင်း အပူချိန် ၁ ဒီဂရီလျော့နည်းပြီး ပေ ၃၀၀ အောက်သို့ဆင်းတိုင်း ၁ ဒီဂရီပိုလာသည်။ မြန်မာပြည်အလယ်ပိုင်းသည် မြေနိမ့်လွင်ပြင်ဖြစ်ပြီး နေရောင်ခြည်တိုက်ရိုက်ကျသောကြောင့် ပိုမိုပူပြင်းသည်။

နွေလယ်ကာလသည် ဇူလိုင်လအထိဖြစ်၍ အပူဒဏ်ကို ဆက်လက်ခံစားကြရဦးမည်ဖြစ်သည်။ အပူချိန်ပြင်းထန်သည်နှင့်အမျှ အပူပြန်လေပွေလှိုင်းများ၊ အပူပြန်တက်တိမ်တောင်များ ပိုမိုဖြစ်ပေါ်လာသည်။ အဆိုပါလေပွေလှိုင်းများကြောင့် အချိန်အခါမဟုတ်သည့် မိုးရွာသွန်းမှုလည်းဖြစ်ပေါ်နိုင်သည်။ ဧပြီလ ၂၄ ရက်နေ့ တိုင်းထွာမှုများအရ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများ တွေ့ဆုံမှုကြောင့် ဧပြီလ ၂၈ ရက်နေ့မှ မေလ ၃ ရက်နေ့အတွင်း မြန်မာနိုင်ငံအချို့ဒေသများ၌ မိုးထစ်ချုန်းရွာပြီး အချို့ဒေသများ၌ နေရာကွက်၍ မိုးကြီးနိုင်သည်ဟု အသိပေးထားသည်။

နွေရာသီကာလ၌ ပုံမှန်မဟုတ်သည့် မိုးရွာသွန်းမှုသည် အခိုက်အတန့်သာဖြစ်ပြီး မိုးရွာသွန်းစဉ် ဖြစ်ပေါ်တတ်သည့် အန္တရာယ်များကို သတိပြုရမည်ဖြစ်သလို မိုးရွာပြီးသည့်အခါ ပိုမိုပူပြင်းလာမည့်အခြေအနေများကို သတိထားရမည်ဖြစ်သည်။ ယခုအခါ အပူချိန်မြင့်မားမှုဒဏ်ကို သိသိသာသာခံစားနေကြရသောကြောင့် အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်မှုမဖြစ်စေရန် သတိပြုလိုက်နာဆောင်ရွက်သင့်သောအချက်များကို အလေးထားလုပ်ဆောင်ကြရန်လိုသည်။ အရိပ်အာဝါသအောက်တွင် လုပ်ကိုင်ဆောင်ရွက်ကြရသူများအနေဖြင့် အကြောင်းမဟုတ်သော်လည်း အရိပ်အာဝါသအပြင် နေပူထဲ၌ ပရိယေသနဝမ်းစာရှာမှီးရေးအတွက် သွားလာလုပ်ကိုင်ဆောင်ရွက်နေကြသူများအနေဖြင့် အထူးသတိပြုလိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ အပူဒဏ်နှင့်ပတ်သက်၍ သတိပြုရမည့်အချက်များနှင့် လိုက်နာဆောင်ရွက်ရမည်များကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနက စဉ်ဆက်မပြတ်အသိပေးလျက်ရှိသည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ ခေါင်းမူးခေါင်းနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်း၊ ကြွက်တက်ခြင်း၊ ချွေးအလွန်ထွက်ခြင်း၊ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်း၊ အရေပြားပူခြင်း၊ ခြောက်သွေ့ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ တက်ခြင်းတို့အပြင် သွေးတိုး၊ ဆီးချိုစသည့်ရောဂါအခံများရှိပါက အသက်အန္တရာယ်ကိုပင် ထိခိုက်နိုင်သည်။ ထို့ကြောင့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို အတတ်နိုင်ဆုံးရှောင်ရှားပါ။ မဖြစ်မနေအပြင်ထွက်ရပါက နေပူကာ ထီး၊ ဦးထုပ်၊ နေကာမျက်မှန်တို့ကို အသုံးပြုပါ၊ ရေများများသောက်ပါ။ နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားခြင်းတို့ကို အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ။ နေပူထဲမှပြန်လာလျှင် ချက်ချင်းရေချိုးခြင်း မပြုလုပ်ပါနှင့်။ ပူပြင်းသောနေရာမှ အေးသောနေရာသို့၊ အေးသောနေရာမှ ပူပြင်းသောနေရာသို့ ချက်ချင်းအဝင်အထွက် ပြုလုပ်ခြင်းကို သတိပြုဆောင်ရွက်ရန်လိုအပ်ပါသည်။

သို့ဖြစ်ရာ ယခုရာသီကာလများတွင် ဖြစ်ပေါ်လျက်ရှိသော ရာသီဥတုပြောင်းလဲမှုကို သတိပြုလေ့လာသုံးသပ်နိုင်ရန်နှင့် ဖြစ်ပေါ်လာနိုင်သော နွေရာသီကာလ၏ အလွန်ပူပြင်းနေသည့် အခြေအနေများကြောင့် ပြည်သူများ ကျန်းမာရေးထိခိုက်နိုင်သောအန္တရာယ်များကို သတိပြုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ဦးစိန်ဦးအား ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးစိန်ဦးအား ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဧပြီ ၂၅

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ပအိုဝ်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက် လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၂၂ ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ ၅၀၊ စုစုပေါင်း ၇၂ ပါတီ ရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့် အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၅

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် ဧပြီ ၂၅ ရက်အထိ သေဆုံးသူ ၃၇၆၄ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၁၁၀ ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၃ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဧပြီ ၂၄ ရက် ည ၈ နာရီ ၄၅ မိနစ်မှ ဧပြီ ၂၅ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်နိုင်ငံမှ ထောက်ပံ့ပေးသည့် ဆေးပစ္စည်း စုစုပေါင်းတန်ချိန် ၅ ဒသမ ၄၅ တန်၊ တရုတ် - မြန်မာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ရေးအသင်းက ကျန်းမာရေးဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီပေးသည့် ဆေးဝါးပစ္စည်း စုစုပေါင်းတန်ချိန် ၁ ဒသမ ၅၁ တန်ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေး ပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၅ - ၄ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၆၆၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၅ - ၄ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၁၀၀ | ၂၅၁ | ၁,၇၈၂,၁၀၀ |
| MTSH | ၃,၀၀၀ | ၃,၁၀၀ | ၁၀၃ | ၃၁၅,၁၀၀ |
| MCB | ၈,၀၀၀ | ၈,၂၀၀ | ၂၅၃ | ၂,၀၂၄,၆၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁၂ | ၂၁,၆၀၀ |
| TMH | ၃,၀၀၀ | ၃,၁၀၀ | ၁၁၃ | ၃၄၉,၀၀၀ |
| EFR | ၁,၅၀၀ | ၁,၅၀၀ | ၁,၅၅၅ | ၂,၂၇၂,၅၀၀ |
| AMATA | ၃,၈၀၀ | ၃,၉၀၀ | ၆၃၃ | ၂,၄၁၈,၇၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၄၆၃ | ၁,၄၃၅,၃၀၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၃၀၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❍ ရှေ့ဖုံးမှ

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မေ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အရေးပေါ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ငလျင်ဘေးသင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အရေးပေါ် ထောက်ပံ့ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရန်၊ နိုင်ငံတကာအကူအညီများနှင့် စပ်လျဉ်းပြီး လိုအပ်သည့်နေရာများကိုအမြန်ဆုံးရောက်ရှိဖြန့်ဝေပေးရန်၊ ဒေသအသီးသီးတွင်ရှိသည့် ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဝန်ကြီးဌာနအသီးသီးက စာရင်းဇယားများကောက်ယူပြီး အမြန်ဆုံးဖြည့်ဆည်းပေးရန်၊ အများပြည်သူပိုင်လမ်း၊ တံတားပျက်စီးမှုများနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများအတွက် ရေတိုရေရှည်စီမံချက်များ ရေးဆွဲဆောင်ရွက်ကြရန်၊ ဝန်ထမ်းများကို အမြဲတမ်းအိမ်ရာများ ဆောက်လုပ်ဆဲကာလတွင် ယာယီနေထိုင်ရန်နှင့်စပ်လျဉ်းပြီး ဆောင်ရွက်ကြရန် မှာကြားထားပြီးဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှု စံသတ်မှတ်ချက် (Assessment, Search & Rescue Level – ASR Level) များအနေဖြင့် အဆင့် (၁) ဘေးအန္တရာယ်ထိခိုက်ခံရသော ဧရိယာ၏အခြေအနေ၊ တည်နေရာနှင့် အခြားဘေးအန္တရာယ်များ ထပ်မံဖြစ်ပွားနိုင်မှု ရှိ/မရှိစိစစ်ခြင်း (Wide Area Assessment)၊ အဆင့် (၂) Wide Area Assessment ဆောင်ရွက်မှုမှရရှိသော သတင်းအချက်အလက်များ အပေါ်မူတည်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မည့်အပိုင်းများ ပိုင်းခြားသတ်မှတ်ကာ ဘေးအန္တရာယ်လုံခြုံမှု လုပ်ငန်းများဆောင်ရွက်ခြင်း၊ အဆင့်(၃)ဘေးဒုက္ခရောက်ရှိသော မျက်မြင်လူနာများအား ဦးစားပေးအဆင့်အတန်းအလိုက် ကယ်ဆယ်ရွှေ့ထုတ်ခြင်း၊ ပိတ်မိနေသောလူနာများအား ရှာဖွေခြင်းနှင့် အသက်ကယ်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆင့်(၄) ပြိုကျပျက်စီးနေသော အဆောက်အအုံများအတွင်း ပိတ်မိနေသော လူနာများ၊ အသက်ရှင်ကျန်ရစ်သူများ ထပ်မံကျန်ရှိမှုရှိ/မရှိသေချာစေရန် ဧရိယာတစ်ခုလုံးအား ခေတ်မီနည်းပညာမြင့်ပစ္စည်းများအသုံးပြုကာ ရှာဖွေရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းနှင့် အဆင့်(၅) ရှာဖွေကယ်ဆယ်ရေး နောက်ဆုံးအဆင့်အနေဖြင့် လူအင်အားအသုံးပြုပြီး အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရှာဖွေခြင်း၊ ယာဉ်/ယန္တရားများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်းတို့ကို နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး ဆောင်ရွက်ပြီးစီးခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

အရေးပေါ်ကာလ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများနောက်တွင် ရှေးဦးပြန်လည်ထူထောင်ရေး(Early Recovery)ကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီကို သီးခြားဖွဲ့စည်းပြီး စစ်ဆေးခြင်း၊ ဆန်းစစ်ခြင်းများပြုလုပ်၍ အရောင်အဆင့်များ သတ်မှတ်ခွဲခြားကာ ရရှိလာသည့် အဆင့်သတ်မှတ်ချက်များကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC)သို့ ပြန်လည်တင်ပြရမည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအနေဖြင့် မေ ၂၅ ရက် စာရင်းများအရ သေဆုံးသူ ၃၇၆၃ ဦး၊ ဒဏ်ရာရရှိသူ ၅၁၀၇ ဦး၊ ပျောက်ဆုံးသူ ၁၁၀ ရှိကြောင်း၊ ငလျင်စတင်ဖြစ်ပွားသည့်အချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတကာကို အကူအညီတောင်းခံမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာမှလည်း ကူညီကယ်ဆယ်ရေးအဖွဲ့များကို တစ်တပ်တစ်အား စေလွှတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ယနေ့အချိန်ထိ လေယာဉ်ပေါင်း ၁၄၇ စင်း၊ သင်္ဘောခုနစ်စင်း၊ မော်တော်ယာဉ် ၂၃ စီးတို့ဖြင့် အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့ဝင်ပေါင်း ၂၀၉၅ ဦး ရောက်ရှိခဲ့ပြီး ထောက်ပံ့ရေးပစ္စည်းတန်ချိန် ၂၆၃၅ ဒသမ ၉၂ တန်နှင့် ကယ်ဆယ်ရေးပစ္စည်းတန်ချိန် ၁၁၉၇ ဒသမ ၁၂ တန် စုစုပေါင်းတန်ချိန် ၃၈၃၃ ဒသမ ၈၄ တန် ပေးပို့လှူဒါန်းကူညီကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရကြောင်း၊ နိုင်ငံတကာ ဆေးကုသရေးအဖွဲ့အနေဖြင့်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ယာယီဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်၍ အရေးပေါ်ကုသမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။ ယနေ့အထိ နိုင်ငံပေါင်း ခြောက်နိုင်ငံမှ ဆေးကုသရေးအဖွဲ့ဝင်အင်အား ၃၃၇ ဦးဖြင့် စစ်ကိုင်း၊ မန္တလေးနှင့် နေပြည်တော်တို့တွင် နိုင်ငံအလိုက် အဖွဲ့များခွဲ၍ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်းပြီး ဆေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်တွင်း စေတနာရှင်အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်းပွဲများတွင် နိုင်ငံတော်အစိုးရသို့ ပေးအပ်လှူဒါန်းမှုများရှိသကဲ့သို့ နိုင်ငံတကာအလှူရှင်များအနေဖြင့်လည်း နိုင်ငံခြားငွေဖြင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်ရန် လှူဒါန်းမှုများလည်း ရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပ စေတနာရှင်အလှူရှင်များက နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ အလှူငွေများ ပေးအပ်ရာ ဧပြီလ ၂၄ ရက်နေ့အထိ ကျပ် ၁၁၅၈၇၆ ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၃၇ သန်းကျော်၊ ကိုရီးယားဝမ် ငါးသန်း၊ အိန္ဒိယရူပီး ၁၅ သန်း၊ ထိုင်းဘတ် နှစ်သန်းနှင့် စင်ကာပူဒေါ်လာ ၃၁၅၀ တို့အား လက်ခံရရှိထားပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ငွေစာရင်းသို့ ထည့်သွင်းထားရှိကြောင်း၊ ယင်းအလှူငွေများကို စနစ်တကျဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း ဧပြီ ၁၉ ရက်နေ့တွင် ငလျင်ဘေးဒဏ်သင့် စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးသို့ပြန်လည်ထူထောင်ရေးနှင့် လူထုစိတ်ဓာတ်ခွန်အား ဖြည့်တင်းအားပေးနိုင်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်များတွင် ပျက်စီးသွားခဲ့သည့် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်ဇရပ်များနှင့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများအား အမြန်ဆုံးရှင်းလင်းနိုင်ရေးနှင့် ပုဂ္ဂလိကအဆင့်မြင့် အဆောက်အအုံများ၏ ပိုင်ရှင်အချို့မှာ ပျက်စီးဆုံးရှုံးခဲ့သည့် အဆောက်အအုံများအား ပြန်လည်ရှင်းလင်းနိုင်ရေး ငွေကြေးမတတ်နိုင်မှုအပေါ် နိုင်ငံတော်က တတ်နိုင်သမျှ ကူညီပေးပါရန် တင်ပြချက်အရလည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လက်ရှိစက်ယန္တရားများအပြင် လိုအပ်ချက်အရလည်းကောင်း၊ အဆိုပါလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးနှင့် Early Rescue အတွက် နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီးအတွက် ငွေကျပ် ၅၀ ဘီလီယံ၊ မန္တလေးတိုင်းဒေသကြီးအတွက် ငွေကျပ် ၆၀ ဘီလီယံ လက်ဝယ်ပေးအပ်ခဲ့ကြောင်း။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွက် ၁၀ ဘီလီယံနှင့် ရှမ်းပြည်နယ်အတွက် ငါးဘီလီယံကိုလည်း ထပ်မံပေးအပ်ခဲ့ကြောင်း၊ ယင်းထောက်ပံ့ငွေကို DMC အနေဖြင့်လည်း သက်ဆိုင်ရာ ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးများသို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ ထိုသို့ပေးအပ်ခြင်းမှာ ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးဖယ်ရှားနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်စိတ်တစ်ဒေသ အသုံးပြုနိုင်ရေးပေးထားခြင်းဖြစ်ကြောင်း။

☆ **ပြည်တွင်း၊ ပြည်ပ ထောက်ပံ့ပေးသည့်ပစ္စည်းများကို အရန်မထားဘဲ ငလျင်ဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ လက်ဝယ်အရောက် အမြန်ဆုံးဖြန့်ခွဲပေးရန် နိုင်ငံတော်ဝန်ကြီးချုပ်က ညွှန်ကြားထား၊ ညွှန်ကြားချက်နှင့်အညီ ပြည်ပနိုင်ငံများမှ ပေးပို့သော ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၃၈၃၃ ဒသမ ၈၄ တန်အား မိမိတို့အနေဖြင့် ရောက်/ဖြန့်စနစ်ဖြင့် ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိ**

☆ **နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတွင် မေ ၂၄ ရက်ကနဦးစာရင်းများအရ လူနေအိမ် ၆၃၈၅၄ လုံး၊ စာသင်ကျောင်း ၆၇၅၂ ကျောင်း၊ ဘုန်းကြီးကျောင်းနှင့်သီလရှင်ကျောင်း ၅၄၇၄ ကျောင်း၊ စေတီပုထိုး ၅၃၄၂ ဆူ၊ အခြားဘာသာရေးအဆောက်အအုံ ၆၁၃ လုံး၊ ဆေးရုံ၊ ဆေးခန်း ၅၇၆ လုံး၊ ရထားလမ်း ၅၆ ခု၊ လမ်း ၂၇၁ ခု၊ အမြန်လမ်းပိုင်း ၁၉၈ ခု၊ ဆည်/တမံ ၅၈၆ ခု၊ တံတား ၁၇၂ စင်း၊ ထရန်စဖော်မာ ၃၅၃ လုံး ပျက်စီးဆုံးရှုံးခဲ့၊ အဆိုပါပျက်စီးဆုံးရှုံးမှုများကိုလည်း ကာလတို၊ ကာလလတ်၊ ကာလရှည်ခွဲခြားလျက် အဆင့်လိုက်ပြီးစီးရေး စီမံဆောင်ရွက်**

### အဆင့်လိုက်ပြီးစီးရေး စီမံဆောင်ရွက်

ပြည်တွင်း၊ ပြည်ပထောက်ပံ့ပေးသည့် ပစ္စည်းများကို အရန်မထားဘဲ ငလျင်ဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ လက်ဝယ်အရောက် အမြန်ဆုံးဖြန့်ခွဲပေးရန် နိုင်ငံတော်ဝန်ကြီးချုပ်က ညွှန်ကြားထားကြောင်း၊ ညွှန်ကြားချက်နှင့်အညီ ပြည်ပနိုင်ငံများမှ ပေးပို့သော ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၃၈၃၃ ဒသမ ၈၄ တန်အား မိမိတို့အနေဖြင့် ရောက်/ဖြန့်စနစ်ဖြင့် ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်၁၀ ခုတွင်မေ၂၄ရက် ကနဦးစာရင်းများအရ လူနေအိမ် ၆၃၈၅၄ လုံး၊ စာသင်ကျောင်း ၆၇၅၂ ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်း ၅၄၇၄ ကျောင်း၊ စေတီပုထိုး ၅၃၄၂ ဆူ၊ အခြားဘာသာရေးအဆောက်အအုံ ၆၁၃ လုံး၊ ဆေးရုံ၊ ဆေးခန်း ၅၇၆ လုံး၊ ရထားလမ်း ၅၆ ခု၊ လမ်း ၂၇၁ ခု၊ အမြန်လမ်းပိုင်း ၁၉၈ ခု၊ ဆည်/တမံ ၅၈၆ ခု၊ တံတား ၁၇၂ စင်း၊ ထရန်စဖော်မာ ၃၅၃ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ အဆိုပါပျက်စီးဆုံးရှုံးမှုများကိုလည်း ကာလတို၊ ကာလလတ်၊ ကာလရှည်ခွဲခြားလျက် အဆင့်လိုက်ပြီးစီးရေး စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

ငလျင်နောက်ဆက်တွဲ ကျန်းမာရေးဆိုင်ရာ ကပ်ရောဂါကူးစက်မှု ပြဿနာများဖြစ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် နောက်ဆက်တွဲရောဂါများဖြစ်ပွားမှုနှင့် ပြန့်ပွားမှုမရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ ကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းကြောင့် ယနေ့အချိန်အထိ ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမရှိပါကြောင်း၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုတွင် ထိခိုက်ပျက်စီးခဲ့ရပြီး အိမ်ထောင်စု ၁၂၈၉၆၅ စု၊ လူဦးရေ ၆၂၉၂၀၆ ဦး ငလျင်ဘေးကြုံတွေ့ခဲ့ကြရကြောင်း၊ DMC ၏ မေ ၂၃ ရက် စာရင်းအရ ကယ်ဆယ်ရေးစခန်း ၁၃၅ ခုကို ပြောင်းရွှေ့နေထိုင်သူ ၄၈၆၅၆ ဦးရှိခဲ့ကြောင်း၊ မိမိအစီအစဉ်နှင့်ပြောင်းရွှေ့နေထိုင်သူ ၁၅၉၂၃၉ ဦး၊ ငလျင်ဘေးသင့်ခဲ့သော်လည်း မိမိတို့၏နေအိမ်များတွင် နေထိုင်၍ရသည့်အတွက် ဆက်လက်နေထိုင်သူ ၄၂၁၃၁၁ ဦးရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် တစ်စိတ်တစ်ပိုင်းပျက်စီးသွားခဲ့သည့် လူနေအိမ်များ၊ အလုံးစုံပျက်စီးသွားခဲ့သည့် နေအိမ်များကို နိုင်ငံတော်က တတ်နိုင်သမျှ ထောက်ပံ့နိုင်ရေး ဖြစ်နိုင်ခြေတွက်ချက်တင်ပြရန် လမ်းညွှန်မှာကြားထားကြောင်း၊ ပျက်စီးခဲ့သည့် အိမ်အမျိုးအစားလိုက်နှင့် ပျက်စီးမှုအခြေအနေ၊ ရရှိသည့် DMC ရန်ပုံငွေနှင့် အလှူငွေအပြင် အလုံးစုံပျက်စီးမှု ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကုန်ကျနိုင်မည့်ငွေအခြေအနေများနှင့် နှိုင်းယှဉ်လေ့လာ၍ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပျက်စီးနေအိမ်များအတွက် ထောက်ပံ့ရမည့်နှုန်းထားများကိုလည်း အမြန်ဆုံး တွက်ချက်တင်ပြနိုင်ရန် လိုအပ်ကြောင်း။

### အချိန်ယူပြင်ဆင်ရမည်

ဝန်ထမ်းများနှင့်ပတ်သက်၍ ပျက်စီးသွားခဲ့သည့် ဝန်ထမ်းအိမ်ရာများအလိုက် Level–1 စစ်ဆေးရေးအဖွဲ့များဖြင့်စစ်ဆေး၍ နိုင်ငံတကာအသိအမှတ်ပြု အရောင်သုံးမျိုး (အပြာရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်)သတ်မှတ်ချက်များကို အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီက ကြီးကြပ်စစ်ဆေးခဲ့ပြီး ထပ်မံ၍ Level – 2 အရ အထူးစစ်ဆေးရေးအဖွဲ့များက စက်ကိရိယာများဖြင့် စစ်ဆေးလျက်ရှိကြောင်း၊ အထူးသဖြင့် အနီရောင်နှင့် လိမ္မော်ရောင်အဆင့်သည် အလတ်စားနှင့် အကြီးစား ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ယင်းပြင်ဆင်မှုများကို အင်ဂျင်နီယာ၊ ဘူမိဗေဒနှင့် ငလျင်ပညာရှင်များ ပါဝင်သည့် အကြံပြုစစ်ဆေးရေးအဖွဲ့များ၏ အကြံပြုချက်အတိုင်း အချိန်ယူပြင်ဆင်ရမည်ဖြစ်ကြောင်း၊ အပြာရောင် သတ်မှတ်ဝန်ထမ်းအိမ်ရာများကိုမူ အနည်းငယ်ပျက်စီးသည့် နံရံ အုတ်မဆလာကွာကျမှု၊ ပြတင်းတံခါးပြုပြင်မှု၊ ရေ/မီးနှင့် မိလ္လာစနစ်ပြုပြင်မှုများအတွက် မိမိအစီအစဉ်ဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့်လည်းကောင်း ပြုပြင်နိုင်ပါက ပြုပြင်ကြရန်နှင့် DMC သို့ တင်ပြဆောင်ရွက်ရန် လိုအပ်ပါက ပျက်စီးပြုပြင်ရမည့် အချက်အလက်နှင့် Estimate ပူးတွဲ၍ အချိန်မီတင်ပြကြရန်လိုကြောင်း၊ လိမ္မော်ရောင်နှင့် အနီရောင်အဆင့်၌ နေထိုင်ခဲ့ကြသည့် ဝန်ထမ်းမိသားစုများအနေဖြင့် လတ်တလော မိမိအစီအစဉ်ဖြင့်သော်လည်းကောင်း၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့်သော်လည်းကောင်း၊ နေထိုင်ရန် နေရာချထားပြီး ယာယီဘာရာနှင့် ယာယီနေရာချထားပေးရန် လိုအပ်သည့် ဝန်ထမ်းမိသားစုအရေအတွက်အား အချိန်မီယာယီအမိုးအကာအောက် ရောက်ရှိစေရေး စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ လက်ရှိလည်း DMC အနေဖြင့် ယာယီနေထိုင်နိုင်ရန်အတွက်လည်း ဘာရာများနှင့် Modular House များ ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောက်လုပ်ရာတွင် ယာယီဘာရာဆောက်လုပ်မှု ကုန်ကျစရိတ်များကိုလည်း လိုအပ်၍ ပြန်လည်တောင်းခံလိုပါက DMC သို့ တင်ပြရန်လိုပြီး တောင်းခံရန်မလိုပါကလည်း တောင်းခံခြင်းမပြုရန်မှာကြားလိုကြောင်း၊ နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုများအနေဖြင့် မေ ၂၃ ရက်အထိ ၁၅၅ ကြိမ်လှုပ်ခတ်ပြီးဖြစ်ကြောင်း၊ လူမှုကွန်ရက်များတွင် ငလျင်နှင့်ပတ်သက်၍ သတင်းမှားများကို ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ဖန်တီးဖြန့်ဝေသူကိုလည်း ဖမ်းဆီးခဲ့ရကြောင်း၊

စာမျက်နှာ ၄ သို့ ❍

○ စာမျက်နှာ ၃ မှ

ထိုသို့ ဖမ်းဆီးရခြင်းမှာ ငလျင်ဘေးဒဏ်ခံ ပြည်သူလူထုကို ဖြေသိမ့်အားပေးရမည့်အစား တမင်ရည်ရွယ်ချက်ဖြင့် အထိတ်တလန့်ဖြစ်စေရေး ဆောင်ရွက်ခဲ့သည့်အတွက် အရေးယူရခြင်းဖြစ်ကြောင်း၊ နောက်ဆက်တွဲ ငလျင်ငယ်လှုပ်ခတ်မှုများမှာ ပျမ်းမျှ ရစ်ချ်တာစကေး ၄ နှင့်အောက် အများစုဖြစ်ပြီး ရစ်ချ်တာစကေး ၅ ဝန်းကျင် တစ်ကြိမ်ခန့်သာရှိကြောင်း၊ မေ ၂၃ ရက် နောက်ပိုင်းတွင် နောက်ဆက်တွဲငလျင်လှုပ်ခတ်မှုမရှိသေးပါကြောင်း၊ သို့သော် ငလျင်ဒဏ်ခံစားကြရသည့် ပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုမရှိစေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ မြို့နယ်၊ ရပ်ကွက်များအလိုက် အသိပညာပေးကြစေလိုကြောင်းနှင့် မိမိကိုယ်ကိုမိမိ လုံခြုံရေးအတွက်မူ သတိရှိစွာဖြင့် နေထိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မူဝါဒများချမှတ်ပေးထားကြောင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် အဆောက်အအုံများ အသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြေစမ်းသပ်မှု (Soil Test) များ ဆောင်ရွက်ပြီးမှသာ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရန် မြေအနေအထားကို ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ ပြန်လည်ဆန်းစစ် စစ်ဆေးသွားရမည်ဖြစ်ကြောင်း၊ အသစ်ဆောက်လုပ်မည့် အဆောက်အအုံများ ငလျင်ကြောပေါ်တွင် ရောက်ရှိမနေစေရေးကိုလည်း ဆန်းစစ်ကြရမည်ဖြစ်ကြောင်း၊ အဆောက်အအုံများဆောက်လုပ်ရာတွင် ရစ်ချ်တာစကေး ၈ အထိ ခံနိုင်ရည်ရှိသည့် အဆောက်အအုံများကိုသာ ဆောက်လုပ်သွားကြရန်နှင့် ဆောက်လုပ်ဆဲအဆောက်အအုံများတွင်လည်း ငလျင်ဒဏ် ရစ်ချ်တာစကေး ၈ အထိ ခံနိုင်ရန် ဒီဇိုင်းပြင်ဆင်ရေးဆွဲခြင်း သို့မဟုတ် ဆောက်လက်စ အဆောက်အအုံ၌ ထပ်မံ၍ လိုအပ်သည့်အားဖြည့်မှုများ ဆောင်ရွက်ကြရန်လိုကြောင်း။

ထောက်ပံ့လှူဒါန်းမှုများနှင့် ပတ်သက်၍ အလှူရှင်များက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းမှုများရှိသကဲ့သို့ တစ်ဖက်ကလည်း အချို့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်ပစ္စည်းဈေးနှုန်းများကို အဆမတန်တင်၍ ရောင်းချနေကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ ဗုဒ္ဓဘာသာ လူမျိုးများအနေဖြင့် အချင်းချင်းကူညီရမည့်အစား ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေသည့်ကာလတွင် ဆောက်လုပ်ရေးပစ္စည်းများကို မူရင်းဈေးနှုန်းထပ်မံမြှင့်တင်၍ ရောင်းချလျက်ရှိသည်ကို ကြားသိရကြောင်း၊ ထို့ကြောင့် မတော်လောဘ စီးပွားရေးသမားများကို နိုင်ငံတော်က ထိန်းချုပ်တားမြစ်ခြင်း၊ မေတ္တာရပ်ခံခြင်း စသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လိုက်နာမှုမရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် သက်ဆိုင်သော လိုအပ်သည့်ပစ္စည်းများကိုလည်း နိုင်ငံတော်ကစိစစ်၍ တင်သွင်းခွင့်ပြုထားကြောင်း၊ ယနေ့ အစည်းအဝေးတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများအလိုက် ပြန်လည်နေရာချထားရေးကိစ္စရပ်များ၊ ရုံးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေမှုကိစ္စရပ်များ၊ မြို့ပြစီမံကိန်းသစ်ရေးဆွဲရေးကိစ္စရပ်များ၊ ရေရရှိရေး၊ နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် MSME လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေး၊ ပညာရေးဆိုင်ရာ အခြေခံပညာရေးအဆင့်၊ အဆင့်မြင့်ပညာရေးအဆင့် အသီးသီး၏ သတ်မှတ်ကျောင်းဖွင့်ရက်အမီ လုံးဝနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သော ငလျင်ဒဏ်သင့် စာသင်ကျောင်းများနှင့် စာသင်ဆောင်များ အချိန်မီပြုပြင်ပြီးစီးရေးနှင့် ကျောင်းဖွင့်ရာသီအမီ ကျောင်းသား ကျောင်းသူများ အမိုးအကာအောက်၌ စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြား၊ သင်ယူနိုင်ရေးကိစ္စရပ်များ၊ ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ ယာယီတည်းခိုနေထိုင်ရန် ဘာရှာများနှင့် Modular House များ တည်ဆောက်၍ နေရာချထားရေးကိစ္စရပ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အခက်အခဲမရှိ ရရှိရေးကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ပြန်လည်ထူထောင်ရေးကိစ္စများတွင် လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း မိမိတို့တတ်နိုင်သည်များကို တစ်နိုင်တစ်ပိုင် ဆောင်ရွက်သွားမည်ဆိုပါက သဘာဝဘေးအန္တရာယ်ကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ကြောင်း။

> ❖ ထောက်ပံ့လှူဒါန်းမှုများနှင့်ပတ်သက်၍ အလှူရှင်များက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းမှုများရှိသကဲ့သို့ တစ်ဖက်ကလည်း အချို့စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် ကုန်ပစ္စည်းဈေးနှုန်းများကို အဆမတန်တင်၍ ရောင်းချနေကြသည်ကို တွေ့ရှိရ
>
> ❖ မိမိတို့ ဗုဒ္ဓဘာသာလူမျိုးများအနေဖြင့် အချင်းချင်းကူညီရမည့်အစား ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေသည့်ကာလတွင် ဆောက်လုပ်ရေးပစ္စည်းများကို မူရင်းဈေးနှုန်းထပ်မံမြှင့်တင်၍ ရောင်းချလျက်ရှိသည်ကို ကြားသိရ
>
> ❖ ထို့ကြောင့် မတော်လောဘစီးပွားရေးသမားများကို နိုင်ငံတော်က ထိန်းချုပ်တားမြစ်ခြင်း၊ မေတ္တာရပ်ခံခြင်း စသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လိုက်နာမှုမရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိ

နိုင်ငံတကာတွင် ကာလတိုပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၆ လ မှ ၁၂ လ အထိ၊ ကာလလတ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၁ နှစ်မှ ၂ နှစ်အထိ၊ ကာလရှည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၂ နှစ်မှ ၅ နှစ်အထိ လိုအပ်ပါက ၁၀ နှစ်အထိ စသည်ဖြင့် ဆောင်ရွက်လေ့ရှိကြသည့်အတွက် မိမိတို့နိုင်ငံ၏ အရင်းအမြစ်ပေါ်တွင် မူတည်ပြီး ကဏ္ဍခွဲခြား ဆောင်ရွက်သွားမည်ဆိုပါက အမြန်ဆုံး ပြီးမြောက်အောင်မြင်သည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အစည်းအဝေးတွင် သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းအလိုက်၊ နယ်မြေဒေသအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဒေါက်တာစိုးဝင်းတို့က ငလျင်ဘေးဒဏ်သင့်ဒေသများ၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဆောင်ရွက်ပေးနေမှု၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ပြည်တွင်းမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့မှု၊ ငလျင်ဘေးဒဏ်သင့် အဆောက်အအုံများအတွင်း ကျန်ရှိနေသည့်ပစ္စည်းများအား ကူညီရှာဖွေဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးဒဏ်သင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သောက်သုံးရေဖြန့်ဝေပေးနိုင်မှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် ယာယီတည်းခိုရေးစခန်းများ တည်ဆောက်၍နေရာချထားပေးမှု၊ Medium Team ဖွဲ့စည်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ငလျင် ဘေးဒဏ်သင့် ပြည်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ပေးနေမှု၊ နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာမှုနှင့် ငလျင်ဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ကော်မတီဖွဲ့စည်း၍ လုပ်ငန်းတာဝန်များဆောင်ရွက်နေမှု၊ ငလျင်ကြောင့်ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများရှင်းလင်းခြင်းနှင့် ယာယီရုံးများဦးစားပေးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ စစ်ဆေးရေးအဖွဲ့များဖွဲ့စည်း၍ ရုံး၊ ဝန်ထမ်းအိမ်ရာနှင့် အထူးအဆောက်အအုံများအား စစ်ဆေးခဲ့မှုနှင့် စစ်ဆေးတွေ့ရှိချက်များ၊ ပြင်ဆင်ခြင်း၊ အသစ် တည်ဆောက်ခြင်းလုပ်ငန်းများ လျာထားဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရန် ဘာရှာနှင့် Modular House များ ဆောက်လုပ်ပေးနေမှု၊ ဝန်ထမ်းအိမ်ရာများအား အကဲဖြတ်အရောင်သတ်မှတ်ချက်များအလိုက် ပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်နိုင်ရန် စစ်ဆေးခဲ့မှု၊ သဘာဝဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် နိုင်ငံတကာအကူအညီများအား စနစ်တကျစိစစ်၍ လက်ခံဆောင်ရွက်နေမှု၊ ကျွမ်းကျင်ပညာရှင်အဖွဲ့များဖွဲ့စည်း၍ ငလျင်ကြောင့် ပြောင်းလဲသွားသည့် မြေလမ်းကြောင်း အခြေအနေများအား လေ့လာသုံးသပ်ရန် လိုအပ်မှု၊ ငလျင်နှင့် ပတ်သက်သည့် သတင်းမှန်များကိုလည်း နိုင်ငံပိုင်မီဒီယာမှတစ်ဆင့် ပြည်သူများထံသို့ ထုတ်ပြန်ပေးနေမှု၊ လာမည့်ကျောင်းဖွင့်ရာသီအမီ ကျောင်းများပုံမှန် ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု၊ လမ်း၊ တံတားများ ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်ပြီးစီးမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ဆည်မြောင်း၊ တာတမံများအား ပြန်လည်ပြုပြင်ပြီးစီးမှု၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးကွက်တွင် ဈေးနှုန်းမှန်ကန်စွာဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်ရန် စီမံဆောင်ရွက်ထားရှိမှု၊ ကယ်ဆယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ အဆင်သင့် စုဖွဲ့ထားရှိမှုနှင့် ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အထွေထွေဆွေးနွေးကြရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ထူထောင်ရေး၌ အဓိကလိုအပ်သည့် ဘိလပ်မြေနှင့် ပတ်သက်၍ ငလျင်မလှုပ်မီ ဘိလပ်မြေစက်ရုံ ကိုးရုံမှ တစ်ရက်လျှင် တန် ၃၀၇၀၀ (အိတ် ၆၁၄၀၀၀) ထုတ်လုပ်ခဲ့သော်လည်း ငလျင်လှုပ်ပြီးနောက်ပိုင်း စက်ရုံ ခြောက်ရုံမှ ဘိလပ်မြေ တန် ၁၇၁၀၀ (အိတ် ၃၄၂၀၀၀) ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ မေ ၁၅ ရက်တွင် ဘိလပ်မြေ တန် ၂၂၁၀၀ (အိတ် ၄၄၂၀၀၀) ထွက်ရှိနိုင်ရေး ထပ်မံတိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ပြီး စက်တင်ဘာလတွင် ဘိလပ်မြေ တန် ၃၂၁၀၀ (အိတ် ၆၄၂၀၀၀) အထိထွက်ရှိအောင် ထပ်မံ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘိလပ်မြေတစ်အိတ် ဈေးနှုန်းကိုလည်း တစ်အိတ်လျှင်ငွေကျပ်၁၇၀၀၀ဖြင့်ဘေးသင့်အဆောက်အအုံများသို့ ရောင်းချ၍ပေးရန် သက်ဆိုင်ရာစက်ရုံများသို့ ဈေးနှုန်းသတ်မှတ်ပေးထားကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စာရင်းကောက်ယူရေးအဖွဲ့က တင်ပြလာသည့် ငလျင်ဒဏ်သင့်ဒေသများရှိ အပျက်အစီးစာရင်းများကို စနစ်တကျပြုစု၍ ခေါင်းစဉ်များအလိုက် တင်ပြရန်၊ ငလျင်ဒဏ်ခံနိုင်မည့် ဒီဇိုင်းများကို နိုင်ငံတကာအကူအညီဖြင့် လေ့လာဆည်းပူး ဆောက်လုပ်ရန်၊ ပြည်တွင်း၊ ပြည်ပ ကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ငွေများကို စနစ်တကျ လက်ခံသွားရန်နှင့် ဖြန့်ခွဲရာတွင် စနစ်တကျ သံသယကင်းစွာဖြင့် ဆောင်ရွက်သွားကြရန်၊ ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာ၌ နိုင်ငံတော်က ပေးအပ်ထားသည့် ထောက်ပံ့ငွေများကို အဓိက လိုအပ်သည့်နေရာများတွင်သာ သုံးစွဲရန်၊ ငလျင်ဒဏ်သင့် အဆောက်အအုံများ ကြံ့ခိုင်မှုကို တိုင်းတာသည့် ကိရိယာများ ဝယ်ယူရေးတင်ပြဆောင်ရွက်ရန်၊ အရောင်အဆင့်အလိုက် သတ်မှတ်ထားသည့် အဆောက်အအုံများကိုလည်း အမြန်ဆုံးပြန်လည်ပြင်ဆင်တည်ဆောက်သွားရန်၊ ပြည်ပမှ နှောင်ကြိုးမဲ့ အကူအညီများကို စိစစ်လက်ခံသွားရန်၊ MSME လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး လိုအပ်ချက်များနှင့် နိုင်ငံတော်အပိုင်းမှ ဖြည့်ဆည်းပေးရမည့် အချက်များ၊ ဝန်ထမ်းများ ယာယီတည်းခိုနေထိုင်ရန် ဘာရှာများနှင့်တွဲလျက် ယာယီရေချိုးခန်းများကိုလည်း ကျား၊ မ သပ်သပ်ခွဲကာ လုံခြုံစွာ ဆောင်ရွက်ပေးရန်၊ ဘိလပ်မြေနှင့်ပတ်သက်၍ စက်ရုံများအလိုက် တစ်ရက်ထုတ်လုပ်ရရှိနိုင်မည့် အိတ်အရေအတွက်ကိုလည်း အသေးစိတ်တွက်ချက်၍ လက်ရှိလည်ပတ်နေသည့် စက်ရုံများအလိုက် ထုတ်လုပ်ပြီး ဘိလပ်မြေများကို ငလျင်ဘေးဒဏ် အဓိကခံခဲ့ရသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပုတ်ပြတ်သတ်မှတ်၍ ရောင်းချပေးနိုင်ရေး အသေးစိတ်စိစစ်၍ ပြန်လည်တင်ပြရန်နှင့် ထုတ်လုပ်မှု၊ ပျက်စီးစက်ရုံပြုပြင်မှု ပြီးစီးမည့် ခန့်မှန်းကာလနှင့်ပျက်စီးစက်ရုံများ အားလုံး ပြုပြင်ပြီးပါက စုစုပေါင်းထွက်ရှိမည့် တစ်ရက် ဘိလပ်မြေအိတ်ပမာဏတို့အား သတင်းထုတ်ပြန်ပေးသွားရန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ငလျင်ဒဏ်သင့် ဒေသများရှိ ပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပျောက်ဆုံးမှုများနှင့်ပတ်သက်၍ မိမိအစီအစဉ်ဖြင့် နေထိုင်သူ မိသားစုများမှ နိုင်ငံသားစိစစ်ရေးကတ်ပြား အမြန်ဆုံးပြုလုပ်နိုင်ရေး ခရိုင်/မြို့နယ်/ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့များက နှီးဆော်၍ အမြန်ဆုံးပြုလုပ်ပေးရန်၊ မကြာမီရောက်ရှိလာမည့် တရုတ်နိုင်ငံမှ ကူညီထောက်ပံ့သည့် စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်ဆီ) တန်ချိန် ငါးသောင်းရောက်ရှိပါက ဖြန့်ခွဲအသုံးပြုမည့်လျာထားချက်ကိုလည်း စွမ်းအင်ဝန်ကြီးဌာနက ကြိုတင်တင်ပြရန် လိုအပ်သလို ရေကြောင်းခရီးဖြင့် ရောက်ရှိလာမည့် Container Modular များနှင့် အခြားသော ထောက်ပံ့ရေးပစ္စည်းများအား ကုန်ရထားဖြင့် ရန်ကုန်မှ နေပြည်တော်၊ မန္တလေးထိ ပို့ဆောင်နိုင်ရေးကိုလည်း ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီနှင့် လှူဒါန်းသည့်ပစ္စည်းများ လက်ခံ၊ ဖြန့်ဝေရေး လုပ်ငန်းကော်မတီတို့မှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ကော်မတီအလိုက် တာဝန်ရှိသူများအနေဖြင့်နောင်အစည်းအဝေးများတွင် မိမိ၏ဝန်ကြီးဌာနတစ်ခုအတွက်သာမက ငလျင်ဒဏ်သင့်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအတွက်ပါ ထည့်သွင်းစဉ်းစား၍ အကြံပြုဆွေးနွေးကြရန် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၃၃ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ မေလ ၂၅ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမျိုးမြင့် အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၃၄ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ မေလ ၂၅ ရက်)

**ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမင်းအောင် အား ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ငလျင်ဘေးကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းမိသားစုများအတွက် Steel Structure ယာယီအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးမြေဧရိယာအတွင်း၌ ငလျင်ဘေးကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် မိသားစုများ နေထိုင်ရန်အတွက် ဝန်ကြီးဌာန အင်ဂျင်နီယာအဖွဲ့က ကြီးကြပ်ကွပ်ကဲမှုဖြင့် တည်ဆောက်နေသည့် Steel Structure ယာယီအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် အဆိုပါ ယာယီအဆောက်အအုံများ အတွင်း ဝန်ထမ်းများနေထိုင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။





ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် မိသားစုများအား ယာယီဖွင့်လှစ်ထားရှိသည့် သဘာဝဘေး ယာယီတည်းခိုရေးစခန်းများမှ Steel Structure ယာယီ အဆောက်အအုံများသို့ အမြန်ဆုံး ပြောင်းရွှေ့နေရာချထားနိုင်ရေး၊ ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျ ဆောင်ရွက်သွားကြရန်၊ ယာယီအဆောက်အအုံများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားကြရန်၊ နေထိုင်စားသောက်မှုများကို ကျန်းမာရေးနှင့် ညီညွတ်စေရေး အလေးထားစီစဉ်ဆောင်ရွက် သွားကြရန် မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆောက်လုပ်ပြီး ယာယီ အဆောက်အအုံများ အတွင်း ဝန်ထမ်းမိသားစုများ၏ ပြောင်းရွှေ့နေထိုင်မှု၊ ယာယီ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို လည်းကောင်း၊ ရေချိုးခန်းနှင့် အိမ်သာများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးမြို့၊ အမရပူရမြို့နှင့် စစ်ကိုင်းမြို့တို့ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်ခွဲများ၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေမှု လှည့်လည်ကြည့်ရှု

နေပြည်တော် မေ ၂၅

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် မန္တလေးမြို့၊ အမရပူရမြို့နှင့် စစ်ကိုင်းမြို့တို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်ခွဲများ၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှုပေးနေသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံသည်။

နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ရှိ CB Bank၊ ကမ္ဘောဇဘဏ်နှင့် ရောဝတီဘဏ်တို့ကိုလည်းကောင်း၊ အမရပူရမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် ရောဝတီဘဏ်တို့ကို လည်းကောင်း၊ မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)၊ မြန်မာနိုင်ငံသားများဘဏ်၊ CB Bank၊ ရိုးမဘဏ်၊ ကမ္ဘောဇဘဏ်၊ ရောဝတီဘဏ်၊



ယူအေဘီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်တို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် သက်ဆိုင်ရာဘဏ်ခွဲများမှ ဘဏ်လုပ်ငန်းဝန်ဆောင်မှု စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနိုင်သည့် အခြေအနေ၊ ထိခိုက်ပျက်စီးမှုကြီးမား၍ ပြန်လည်မွမ်းမံတည်ဆောက်နေသည့် ဘဏ်ခွဲများအား နီးစပ်ရာအခြားဘဏ်ခွဲများနှင့် ပူးပေါင်း၍ ဝန်ဆောင်မှုပေးနိုင်သည့် အခြေအနေ၊ Customer များ၏ တောင်းဆိုချက်အပေါ် မူတည်၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှု အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးနိုင်ရေးအတွက် Mobile Car များ၊ ATM၊ Agent Banking၊ Digital Banking တို့ဖြင့် ဝန်ဆောင်မှုပေးနေသည့် အခြေအနေများနှင့် ပင်စင်စားများကို ပင်စင်ငွေထုတ်ပေးမှု၊ အပ်ငွေ အသွင်း၊ အထုတ်၊ ငွေလွှဲဆောင်ရွက်ပေးမှု အခြေအနေများနှင့် အခြားလိုအပ်ချက်များ မေးမြန်းပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

ထို့အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)မှ မြန်မာ့စီးပွားရေးဘဏ်အပါအဝင် ပုဂ္ဂလိကဘဏ်များအား ဘဏ္ဍာငွေဖြည့်ဆည်းပေးနေမှု၊ ရုံးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်နေမှု၊ လုပ်ငန်းသုံးပစ္စည်းများရွှေ့ပြောင်းနေမှု၊ Data Centre ပြောင်းရွှေ့မည့် အစီအစဉ်များ၊ ငလျင်ဘေးသင့်သည့်နေရာမှ ဝန်ထမ်းအိမ်ရာများ ရွှေ့ပြောင်းနေမှုနှင့် မန္တလေးဗဟိုဘဏ် ဘဏ်ခွဲအသစ်တည်ဆောက်နေသည့် အဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဗဟိုဘဏ်ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တန်ခူးလ စာအလင်္ကာများ

မောင်လူမွှေး(မြန်မာမှု)

မြန်မာ့ဆယ့်နှစ်လရာသီပွဲများအနက် သင်္ကြန်ပွဲသည် ဗုဒ္ဓဘာသာကိုအခြေခံသော ကဆုန်လပြည့် (ဗုဒ္ဓနေ့)၊ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)၊ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၊ တပို့တွဲလပြည့် (ဩဝါဒပါတိမောက်နေ့)များကဲ့သို့ မဟုတ်ပေ။ သို့သော် နှစ်သစ်ကူးတွင် အဟောင်းများ၊ အညစ်အကြေးများကို ဖယ်ရှင်း၍ အသစ်များကို ဦးတည်သောအားဖြင့် ဆေးကြောခြင်း၊ ရေလောင်းခြင်း၊ သက်ကြီးဝါကြီးသူများကို ကန်တော့ပူဇော်ခြင်း၊ ငါးလွှတ်ခြင်း၊ ဘေးမဲ့လွှတ်ခြင်း၊ နှစ်ဆန်းတွင် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ခြင်း စသည့် ဗုဒ္ဓဘာသာတို့ ဓလေ့ထုံးတမ်းများကို ပြုလုပ်၍ ကုသိုလ်ယူကြရာ ဘာသာရေးအသွင်ဆောင်သော ပွဲသဘင်အဖြစ် မြင်ကြခြင်းဖြစ်သည်။ လူကြီးများက ဘာသာရေးလုပ်ဆောင်မှုများရှိသလို ကလေးလူငယ် ပိုင်းနှင့် ပျိုရွယ်သူများကမူ ရေကစား ရေသဘင် ပြုလုပ်ကြပေသည်။ မင်းကျွန် လူလတ်ပိုင်းများကမူ ပျော်ရွှင်ဖွယ်ရာများအမျိုးမျိုးတို့ကို ပြုလုပ်ကြပေသည်။ ထိုအထဲတွင် သံချပ်ထိုး အလှပြများလည်း ပါဝင်ပေသည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်း သင်္ကြန်တွင် မြန်ပြည်အဝှမ်း မြို့ဒေသအသီးသီး၌ အကအလှသဘာဝ သရုပ်ဖော်ဆင်နွှဲလာကြသည်။ ထိုအထဲတွင် သံချပ်ထိုး သံချပ်စာများ ပါဝင်ကြ၏။ သံချပ်ထိုးသည့် အကြောင်းအရာမှာ ထိုအချိန် ထိုကာလပတ်ဝန်းကျင်တွင် အမြင်မတော်သော၊ အပေါက်အလမ်းမတည့်သော အမှုကိစ္စအခြင်း အရာများကို သရော်သော(Satire)စာပေ (သံချပ်) ဖြစ်သည်။ သူ့ဘက်ကိုယ့်ဘက် စောင်းချိတ်ထိုးနှက်သောအကြောင်းအရာတစ်မျိုးဖြစ်သည်။ ယနေ့အနေဖြင့် မီဒီယာတစ်မျိုးဖြစ်ပေသည်။

> **ရသစာပေဖွဲ့ဆိုရာ၌ နဂိုလှခေါ်သည့် ပင်ကိုကောင်း စာကောင်းစာဟန်ဖြင့် ဖွဲ့ဆိုခြင်း၊ အဆင်းလှခေါ်သည့် စကားအညွန့်အတက် အခက်အလက် ဝေဝေဆာဆာ ဥပမာ ဥပမေယျ ဖွေရှာ၍ ဖွဲ့ဆိုခြင်း၊ ဥပစာတို့ဖြင့် သိုက်သိုက်မြိုက်မြိုက် တန်ဆာဆင်၍ ရေးသားနိုင်ခြင်း၊ အကြမ်းလှအနေအထားကို ကြမ်းလျက်နှင့် ချောအောင် ဆိုးလျက်နှင့်ကောင်းအောင် ကြောက်စရာမှန်လျက် နှစ်သက်စရာ ဖြစ်အောင်လည်း ဖွဲ့ဆိုနိုင်မှုသည် မဟာကဝိဖြစ်သည်ဟု ရသစာပေဂိုဏ်းမှ ဖွင့်ဆို**

ရှေးအခါက သင်္ကြန်ပွဲတွင် ထိုးခဲ့ကြသော သံချပ်များကို မဖော်ပြတော့ဘဲ ထိုကဲ့သို့ပင် လွန်လွန်ကဲကဲ ဖွဲ့ဆိုထားသော စာဆို ဦးကြင်ဥ၏ တန်ခူးလဘွဲ့ လေးဆစ်သဖြန်ကို ဖော်ပြပါမည် -

အထောက်ကယ်တည့်(တဲ့) မတန်။
ရွှေကံ့ကော် ဇမ္ဗူကြုံးလို့၊ ကြူဆုံး တသိန်
တင့်ပါဘိ၊ ပန်းမင့်းလွတ်စံ။
မိဿဘုံ ဂဠုန်ကူးတွင်မှ၊ ကြုံဖူးလေ့ဖြစ်ဟန်၊
ရစ်တံပိုင့် ဆင်တော်နည်း(နဲ့)။
ချိန်ခါနွေ ဣန္ဒာဆွေ ဘူပတိသော်မှ၊
ပူမိလျှင် ဘယ်ဖြေနိုင်လိမ့်၊ ခြယ်ရွှေစိုင်
နေရုလေးနှင့်၊ ရာဇူမှာ သာပြုသေးချေ့၊
ဆွေးတော်ညှံ့ပဲ။

ဤသဖြန် တန်ခူးလပူလောင်ပုံကို အောင့်သက်သက်နှင့် လွန်လွန်ကဲကဲရေးထားခြင်းဖြစ်သည်။ တန်ခူးလ၏ရာသီပန်းဖြစ်သော ကံ့ကော်ပန်းကို မတတ်သာ၍ တစ်ချက်မျှ ချီးကျူးလိုက်ပြီး နေမင်း၏အပူကို တစ်ဖက်မှထား၍ မြင်းမိုရ်တောင်ကို တစ်ဖက်မှထားကာ သိကြားမင်း၏ ရွှေရောင်အဆင်း လေးကိုင်းသဏ္ဌာန်နှင့်တူသော **ရာဇူ** တည်းဟူသော **ချိန်ခွင်**ပေါ်တွင်တင်ကာ ချိန်စက်လိုက်လျှင် အပူလွန်ကဲမှုက သာမည်။ သိကြားမင်းပင်မနေနိုင်အောင် ဖြစ်မည်ဟု ရေးဖွဲ့ထားလေသည်။

ဤ၌ နေမင်းကို **ရစ်တံပိုင့်** ဟုခေါ်သည်မှာ ရက်ကန်းရက်မည့်သူသည် အထည်မရက်မီ ရစ်တံတွင် ရောင်စုံချည်မိုင်းတောင့်များကိုထည့်၍ အဆင်နမူနာကို ဦးစွာကြည့်လေ့ရှိသည်။ နေတွင် ရောင်စဉ်ခုနစ်မျိုးရှိသည်ကို ရစ်တံပိုင်းဆင်တော်နည်း(နဲ့)ဟု **ရစ်တံပိုင့်ဖြင့်** ဖော်ပြသည်။ တနင်္ဂနွေဂြိုဟ် နေကို ဂဠုန်ငှက်ဖြင့် ဖော်ပြသည်။ သိကြားမင်းကို **ဣန္ဒာဆွေဘူပတိ** ဟုဖော်ပြသည်။ **နေရုလေးနှင့် ရာဇူ** ဆိုသည်မှာ သိကြားမင်းကိုင်ဆောင်သည့် အလွန်လှပသော လေးကိုင်းပုံသဏ္ဌာန် ရွှေအဆင်းရှိသည့် ချိန်ခွင်ဟု ဆိုလိုသည်။ ထိုချိန်ခွင်ဖြင့် ချိန်စက်သောအခါ နေပူရှိန်က မြင်းမိုရ်တောင် အလေးချိန်ထက် ပိုကဲလိမ့်မည်ဟု ဆိုလိုပေသည်။

ဤစာအလင်္ကာတွင် ဒြပ်ရှိသော မြင်းမိုရ်တောင်နှင့် ဒြပ်မဲ့သော နေအရှိန်ကို ဆက်စပ်၍ ရေးထားရာ လွန်ကဲသော **"ဥဒါရတာဂုဏ်"** မြောက်သည်ဟု ဆိုရပေမည်။ သို့တိုင် ဆိုလိုရင်းအဓိပ္ပာယ်ကို လွန်ကဲသည်ဟု မယူဆနိုင်ဘဲ ပုပြင်းခြင်း၏သဘောကို နားလည်စေနိုင်သော **"ကန္တိဂုဏ်"** လည်းမြောက်၏။ အဓိပ္ပာယ်ကို သိလွယ်ထင်ရှားစေသောကြောင့် **"အတ္ထဗျတ္တိဂုဏ်"** လည်းမြောက်ပေ၏။ ဒြပ်ရှိသော (ဝါ) မုချဖြစ်သော မြင်းမိုရ်တောင်နှင့် ဒြပ်မဲ့ (ဝါ) မုချမဖြစ်သော နေအပူရှိန်ကို တင်စားပြောဆိုသောကြောင့် **"သမာဓိဂုဏ်"** လည်း မြောက်ပေ၏။ ထိုဂုဏ်များနှင့်အတူ ရသအလင်္ကာများလည်း ပါဝင်ပေသည်။ ရသ ဘာဝဠာယီ ပြည့်မီသော ကဗျာစာအလင်္ကာဖြစ်ပေသည်။

စာပေကဗျာ အလင်္ကာများတွင် အကြမ်းလှ၊ အနုလှ၊ သဘာဝအလှ စသည်ဖြင့် ရသသဘောများ ရှိပါ၏။ ဤကဗျာမှာ သာမန်ဖတ်ကြည့်ပါက ကုန်းဘောင်ခေတ်စာဆို ဦးကြင်ဥတို့ခေတ် (သက္ကရာဇ် ၁၁၃၅-၁၂၀၀) ဝေါဟာရအသုံးအနှုန်းဖြစ်သည်။ အများလူထုနားလည်သော ဝေါဟာရ အသုံးအနှုန်းများသာ ဖြစ်သည်။ ယနေ့ခေတ် ရာဇူ = (ချိန်ခွင်) ဆိုသော ဝေါဟာရ တစ်ခုသာလျှင် ပေါရာဏ (စကားဟောင်း) ဝင်ပေသည်။

ရသစာပေ ကဗျာကောင်းတစ်ပုဒ်ကို ဆရာကြီးဦးရွှေအောင်က သူ၏ရသစာပေ၏ ရသတွင် -

> ... ကဗျာပါသဒ္ဒါနှင့် အနက်တို့က ဖတ်သူ(သို့) နာသူကို စာဆို၏နှလုံးသွင်းအနက်ဆီသို့ ခေါ်ဆောင်သွားသဖြင့် ဖတ်သူ (သို့) နာသူက အလိုအလျောက် အနက်ကိုကျော်လွန်ကာ သိဆက်အနက်ကို သွယ်ဝိုက်ယူမိလျက်သား ဖြစ်နေသည့်သဘောဖြစ်သည်။ ထိုသဘောကို ပေါ်အောင်ဖွဲ့နိုင်သော ကဗျာမျိုးကို **အကောင်းစားကဗျာ** မျိုးဟူ၍ သတ်မှတ်ကြသည်။ ကဗျာကောင်းများသည် စာဆို၏နှလုံးသွင်းကို မည်သည့်အခါမျှ တိုက်ရိုက်ဖော်ပြခြင်း မပြုကြချေ။ သွယ်ဝိုက်၍သာ ဖော်ပြကြသည်။ သွယ်ဝိုက်၍ ဖော်ပြကြသော်လည်း ထိုနှလုံးသွင်းအနက်သည် ဖတ်သူ နာသူ အလိုအလျောက် သိလောက်အောင် ပေါ်လွင်လေသည်။

ဟု ဆိုထားရာ စာဆိုဦးကြင်ဥ၏ ဤလေးဆစ်သဖြန်သည် စာအလင်္ကာကောင်းတစ်ခု ဖြစ်သည်ဟု ရဲရဲကြီး ဆိုလိုက်ပါ၏။

သဖြန်၊ ခွန်းထောက်၊ လေပြေ၊ ဆိုင်းဆင့် စသည့် စာအလင်္ကာများမှာ ဇာတ်ကသောအခါ ဇာတ်သဘင်ကရာတွင် တစ်ခန်းနှင့်တစ်ခန်း အချိတ်အဆက်အနေဖြင့် ဇာတ်လမ်းအလိုက် ဆို၊ တီးရသောစာပေမျိုးဖြစ်သည်။

ဖော်ပြပါ သင်္ကြန်ဘွဲ့ လေးဆစ်သဖြန်ကို ဇာတ်ကရာ ကိုယ်တိုင်ပါဝင်နေရသလို ဆို၊ တီး တေးသွား (Melody)၊ နရီ စည်းဝါး (Rhythm)၊ တူရိယာအဖက်အစပ် (Tone Colour)၊ အသံအဖက်အစပ် (Harmony)တို့နှင့် ညည်းကြည့်ပါ။ စိတ်ကူးနှင့် ဖန်တီးကြည့်ပါ။ အလွန်ရသမြောက်သော တန်ခူးလဘွဲ့ဖြစ်သည်ကို ခံစားရပါလိမ့်မည်။

ဤကဲ့သို့ပင် ဆယ့်နှစ်လရာသီ ရေးစာဆိုကြီးများဖြစ်ကြသော မဟာအတုလမင်းကြီး၊ ဆီသည်ရွာစား ဦးအောင်ကြီး၊ ဦးကြော့၊ တိုင်းတားမြို့သူကြီး ဦးဖက်၊ မင်းကြီးကတော်ခင်ဆုံ၊ မယ်ခွေ၊ ဖိုးသူတော် ဦးမင်း၊ လူဦးမင်း စသည့် စာဆိုတို့၏ စာအလင်္ကာများသည် ဂုဏ်ရသအလင်္ကာများ ပြွန်းတီးနေပါသည်။ ထိုအထဲမှ ဖိုးသူတော်ဦးမင်း၏ တန်ခူးလဘွဲ့ကို ဆက်လက်တင်ပြပါသည်။

ဟောင်းရွက်ဝါ ခါလှစ်လို့၊
တာသစ်ကယ်တည့်(တဲ့)နံ့ကြိုင်။
သုတ်ဖြူးလေဆော်က၊
ပန်းကံ့ကော် ဝတ်မှုန်ကျင်း၊ သင်းပျံ့ပျံ့လှိုင်။
ကြယ်နှစ်ပြိုင်၊ သွယ်ဆိုင်ပဝင်း။
စိတြယ်နှင့်၊ ငွေလသော်တာတို့၊
ယုဂန်ချာ တောင်တော်စွန်းမှာ၊ ထွန်းထိန်
လို့လင်း။

ဟောင်းရွက်ကြွေ ခါလှစ်လို့ဆိုသော စကားလုံးအသုံးကို ဆရာကြီးမင်းသုဝဏ်က စကားလုံးအလင်္ကာ အလှသုံးပြောင်မြောက်လှကြောင်းကို ချီးကျူးမိန့်ဆိုဖူးသည်ကို ဖတ်ဖူးပါသည်။ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေသည့် အကြောင်းအရာ စာအလင်္ကာများကိုလည်း ဖတ်မှတ်ဖူးပါသည်။

ဂီတနက်သန် ကိုစောညိန်း၏ နွေဦးစာအလင်္ကာ၊ ဂီတစာဆို ကိုသန်းလှိုင်၏ သည်နွေမိုးဆောင်းပြောင်းသော်လည်း သီချင်းတွင် **ရွက်ဝါကြွေလူး နွေမူးမူးဝယ် XXX ပုရစ်ဖူးဝေ၍ ဖူးငုံစီမျှ ပွင့်သည့်လကိုမှသည် XXX** ရှင်အုန်းညို၏ ဂါထာ ၆၀ ပျို့၊ ရှင်ဥတ္တမကျော်၏ လကိုးလုံးချတောလား၊ တွံတေးဆရာတော်၏ ပရိတ်ကြီး နိဿယ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ ဂါထာအဖွင့်များတွင် ပါဝင်ခဲ့သော **ဆောင်းနှောင်းနွေကူး နွေဦးရာသီ ပုရစ်ဖူးစီသည့် စာအလင်္ကာများကို** ဖတ်မှတ်လေ့လာခဲ့ဖူးပါသည်။ ရသခံစားခဲ့ဖူးပါသည်။ စာဆိုဖိုးသူတော်ဦးမင်း၏ **ဟောင်းရွက်ဝါ၊ ခါလှစ်လို့၊ တာသစ်ကယ်တဲ့နံ့ကြိုင်** တစ်ပိုဒ်တည်းဖြင့် (စာသားစကားလုံးပင် နည်းသော်လည်း)ယခင်ခံစားဖူးသော ရသများနှင့် ညီမျှသည်ဟု ဆိုချင်ပါသည်။ ခါလှစ်နှင့် တာသစ်၏သဒ္ဒါနည်း စာနည်းကို စာရှုသူများ မိမိအတွေ့အကြုံနှင့်ယှဉ်၍ ခံစားနိုင်ကြပါစေဟု ဆန္ဒပြုပါ၏။

ရသစာပေဖွဲ့ဆိုရာ၌ နဂိုလှခေါ်သည့် ပင်ကိုကောင်း စာကောင်းစာဟန်ဖြင့် ဖွဲ့ဆိုခြင်း၊ အဆင်းလှခေါ်သည့် စကားအညွန့်အတက် အခက်အလက် ဝေဝေဆာဆာ ဥပမာ ဥပမေယျ ဖွေရှာ၍ ဖွဲ့ဆိုခြင်း၊ ဥပစာတို့ဖြင့် သိုက်သိုက်မြိုက်မြိုက် တန်ဆာဆင်၍ ရေးသားနိုင်ခြင်း၊ အကြမ်းလှအနေအထားကို ကြမ်းလျက်နှင့်ချောအောင် ဆိုးလျက်နှင့်ကောင်းအောင် ကြောက်စရာမှန်လျက် နှစ်သက်စရာ ဖြစ်အောင်လည်း ဖွဲ့ဆိုနိုင်မှုသည် မဟာကဝိဖြစ်သည်ဟု ရသစာပေဂိုဏ်းမှ ဖွင့်ဆိုကြပေ၏။

ဤလေးချိုး၌ ကြယ်နှစ်ပြိုင်၊ သွယ်ဆိုင်စိတြနှင့် ငွေလသော်တာထွန်းလင်းခြင်းတို့သည် ကာရန်မိရုံသာမက မိဿရာသီ စိတြနက္ခတ်၊ လမင်းစန္ဒာတို့၏ ဂြိုဟ်နေဂြိုဟ်ထားများကို ရည်ညွှန်းထားလေသည်။ နက္ခတ်ဆိုင်ရာပညာကို နားလည်ပွန်းတီးနေသူများအနေဖြင့် သာယာဝပြောမှုသဘောကိုပါ ဖော်ဆောင်နေသည်ကို တွေ့မြင်နိုင်ပေသည်။ ရသစာပေဂိုဏ်း၏မှတ်ချက်ဖြင့် စာအလင်္ကာကောင်း တစ်ခုဖြစ်သည်ဟု ဆိုရပါမည်။

တာကူးသင်္ကြန်နှင့် ဆက်စပ်သော စာပေများစွာရှိသည့်အနက် မန်လည်ဆရာတော်ဘုရား၏ မဟာသုတကာရီ မဃဒေဝလင်္ကာသစ် ပုတ္တောဝါဒ ပုဒ်ရေ ၂၇၅-၂၇၆ တွင် သင်္ကြန်ကျပြီး နှစ်ဆန်း တစ်ရက်မှစတင်၍ နောက်တစ်နှစ်အတွင်း ဥတုရာသီအလိုက် လောကီလူသားတို့ လုပ်ဆောင်ရမည့် အခါအခါများကိုဖွဲ့ဆိုထားချက်ရှိပါသည်။ တန်ခူးလ သင်္ကြန်တွက်ရိုးနှင့် ဝါဆိုဝါကပ်ကို အခြေခံ၍ ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

ဆရာတော်၏စာမှာ သုတ၊ ရသ ပြည့်ဝလှပါ၏။ ဂုဏ်၊ ရသ၊ အလင်္ကာများကို ဖော်ပြရေးသားနိုင်ခြင်းငှာ မစွမ်းသာပါ။ ရွှေဖလားအနားကွပ်ဖို့ မလိုဆိုသလို သုတ၊ ရသကို မြည်းစမ်းကြည့်ပါဘိ။ (၂-ပိုဒ်ရှိသည့်အနက် စာမျက်နှာငဲ့၍ ၁-ပိုဒ်ကိုသာ ဖော်ပြလိုက်ပါသည်။)

> ...ထိုထိုသက္ကရာဇ်၊ ကောဇာဖြစ်တိုင်း၊ နှစ်သစ်ပြောင်းကူး၊ နှစ်ဟောင်းကျူး၍၊ တန်းခူးတာကုန်၊ ကဆုန်တာတက်၊ နွေတာရက်တည့်၊ တွက်ချက်အမှန်၊ ခါသင်္ကြန်နှင့်၊ အာသဠ်နှစ်ပါး၊ ပိုင်းခြားမျော်ရှု၊ မာတုတော်တု၊ လဲနှစ်ခုဖြင့်၊ ရှင်မှုရှင်လို၊ ဝါဆိုဝါကပ်၊ လထပ်ရက်ငင်၊ ဆင်ခြင်နိုင်းဆ၊ မချွတ်ရဘူး၊ အမ္ဗဝါသီ၊ ပုဏ္ဏမီနှင့်၊ တိထိမိမာသ်၊ နက္ခတ်စန်းယှဉ်၊ အစဉ်မလွဲ၊ နေလစွဲ၍၊ ခေါ်မြဲမွန်ရိပ်၊ နတ်အိပ်နတ်နိုး၊ ကျင့်ရိုးပညပ်၊ အရပ်ရပ်တိ၊ ကျင့်အပ်မယုတ်၊ ဥပုသ်ပဝါရဏာ၊ မှန်ကန်စွာလျက်၊ ပြုဗွာသဌ်ဆင်တိုက်၊ မိုးကျိန်းကြိုက်ဟု၊ မိုးလိုက်မိုးခါ၊ မလွန်ရာဘဲ၊ ကြတ္တိကာကြယ်၊ ကြက်သူငယ်တို့၊ မိုးလယ်အချက်၊ အရဏ်တက်နှိုက်၊ ထိန်လက်ရိုးရဲ၊ မွန်းမလွဲမီ၊ မျိုးကြဲကောက်ကြီး၊ တသီးရှေးညွှန်၊ နေဝင်လွန်တွင်၊ သရဝဏ်စည်းသွား၊ စိုင်ပစ်မြားလျှင်၊ ထက်ဖျားမွန်းယိမ်း၊ မတိမ်းမီခိုက်၊ ကောက်ကြီးစိုက်တည့်၊ လူနှိုက်စဉ်ထုံး၊ မိုးဆုံးချိန်လွန်၊ ဆီးအန်သွန်လျက်၊ ဟေမန်ခါရောက်၊ နှင်းဖြောက်ဖြောက်နှင့်၊ ဖျောက်ဆိပ်မြေလူး၊ မကျူးစေဘဲ၊ မုရင်းကြဲဟု၊ အမြဲမှတ်ပြု၊ သားမောင်ရှု၍၊ တောင်သူ့ဓမ္မတာ၊ နှီးဆော်ရာလည်း၊ အခါမရွေ့၊ အချိန်စေ့က မင်းလေ့မမှား၊ မှူးစားဆော်ညွှန်း၊ မိန်တိုက်တွန်းသည်၊ ပြဋ္ဌာန်းအချုပ်အခြာတည်း။ ။

**ရသစာပေ၌ -**

> **ဒဿနသဘော မပါဟူ၍ မရှိ၊သိပ္ပံသဘော မပါဟူ၍ မရှိ၊ ဝိဇ္ဇာသဘော မပါဟူ၍မရှိ၊ အနုပညာ(ကလာ)သဘော မပါဟူ၍ မရှိ၊ အကျင့် (ယောဂ)သဘော မပါဟူ၍ မရှိ၊ လုပ်ငန်း (ကမ္မ)သဘော မပါဟူ၍ မရှိ။**

ဟု နာဠိုသတ္တသက္ကတ ရသစာပေကျမ်းလာကိုတင်ပြ၍ နိဂုံးချုပ်ပါသတည်း။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## ဆက်သွယ်ဆောင်ရွက်နိုင်ရေးအသိပေးအကြောင်းကြားခြင်း

နေပြည်တော်တည်ဆောက်ရေး အထူးဖွံ့ဖြိုးရေးစီမံကိန်းတွင် ပါဝင်သည့် ရုံး/ဌာန အဆောက်အဦများ၊ အထူးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများအပါအဝင် အခြားအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများတွင် တည်ဆောက်ခဲ့သည့် ကုမ္ပဏီများအနေဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များမှတစ်ဆင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည် -

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်**

(၁) ဦးဇော်ထွန်း၊ ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ (၀၉-၆၉၆၀၀၆၉၉၉)။

(၂) ဒေါ်ချယ်ရီလှမောင်၊ ဒုတိယဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ (၀၉-၅၀၀၅၆၇၈)။

**ဆက်သွယ်ရမည့်လိပ်စာ**

နေပြည်တော်စည်ပင်ယာယာရေးကော်မတီ၊ မြို့တော်ခန်းမ။

**အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့်အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေး





**နေပြည်တော် မေ ၂၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန ရုံးရှေ့မြက်ခင်းပြင်၌ ကျင်းပရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ယခုလို သဘာဝဘေးအန္တရာယ်ကို မမျှော်လင့်ဘဲ ကြုံတွေ့ရသည့်အချိန်တွင် ကြုံတွေ့ရသည့် အခက်အခဲများကို သင်ခန်းစာယူပြီး ကြံ့ကြံ့ခံနိုင်ရန်နှင့် ကျော်လွှားနိုင်ရန်၊ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်၊ ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် မိဘ၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေဆုံးရှုံးမှုများ ကြုံရပြီး ဝမ်းနည်းပူဆွေးစရာများ ဖြစ်ရသော်လည်း ခံနိုင်ရည်မကျသွားရန် ပြောကြားလိုကြောင်း၊ ကမ္ဘာ့နိုင်ငံအများစုတွင် သဘာဝဘေးအန္တရာယ် (ငလျင်ဘေး၊ ရေဘေး၊ မုန်တိုင်းဘေး) မျိုးစုံကြုံတွေ့နေရကြောင်း၊ ယခုမြန်မာနိုင်ငံတွင် ဖြစ်ပွားသည့်ငလျင်ဒဏ်ကို အုပ်ချုပ်ရေးမြို့တော် အပါအဝင် ဒေသအများအပြားတွင် ခံစားရသည့်အတွက် နိုင်ငံတော်အနေဖြင့် ကူညီကယ်ဆယ်ထောက်ပံ့ရေးကိစ္စရပ်များကို ဆောင်ရွက်နေသကဲ့သို့ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ဝန်ထမ်းများ နေထိုင်စားသောက်ရေး ကိစ္စရပ်များကို အစွမ်းကုန် ဆောင်ရွက်ပေးနေကြောင်း၊ ယခုဆိုလျှင် ငလျင်လှုပ်ခတ်ပြီး တစ်လခန့်ရှိပြီဖြစ်၍ ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများနှင့်ပြည်သူကို ဝန်ဆောင်မှုပေးနေရသည့် လုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်ရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ဝန်ထမ်းများ၏ လတ်တလော ကြုံတွေ့နေရဆဲ အခက်အခဲများရှိက တင်ပြနိုင်ရန် ဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် တင်ပြကြရန်နှင့် အတတ်နိုင်ဆုံး စုပေါင်းဖြေရှင်းပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဦးစီးဌာနအလိုက် ဝန်ထမ်းများက ၎င်းတို့၏ လိုအပ်ချက်များကို တင်ပြကြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး နိဂုံးချုပ်စကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း




**နေပြည်တော် မေ ၂၅**

မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့တွင် ဦးမြတ်ဦး+ဒေါ်ခင်ဦး မိသားစုက ငွေကျပ်သိန်း ၅၀၀နှင့် မန္တလေးအခြေစိုက် ရှမ်းနီလူမှုရေးအသင်းက ငွေကျပ်သိန်း ၁၅၀ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC) ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကန့်ဘလူမြို့၌ ကွန်ပျူတာအခြေခံသင်တန်းဖွင့်လှစ်

**ကန့်ဘလူ မေ ၂၅**

ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၃/၂၀၂၅) ဖွင့်ပွဲကို မေ ၂၄ ရက်မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းလင်းအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကွန်ပျူတာအခြေခံသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၀ ဦးအား ကွန်ပျူတာအခြေခံပညာရပ်များကို တစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# တပ်မတော်တွင် နဝမအကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု(ပထမနေ့) ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၅**

တပ်မတော်တွင် နဝမအကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု (ပထမနေ့)ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) အထူးကုသမှုစင်တာ၌ ပြုလုပ်ရာ အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာဖြစ်သူ ဒေါ်ခင်ဦးကြည်နှင့် အသည်းအလှူရှင် ဒေါ်မျိုးမျိုးမြတ်တို့ကို ခွဲစိတ်ကုသခြင်းဖြစ်သည်။



အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၃ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ကိုးနာရီခန့် ကြာမြင့်ခဲ့ကြောင်း သိရသည်။ အသည်းအလှူရှင်နှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ခွဲစိတ်ကုသမှုများကို ဧပြီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တပ်မတော်တွင် ပထမအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အသည်းအစားထိုးလူနာနှစ်ဦးဖြင့် အောင်မြင်စွာ ခွဲစိတ်ကုသဆောင်ရွက်နိုင်ခဲ့ပြီး အသည်းအစားထိုးခွဲစိတ်ကုသမှုအား ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း အသည်းအစားထိုးခွဲစိတ်ကုသမှု သုံးကြိမ်၊ လူနာ ကိုးဦး၊ ၂၀၂၄ ခုနှစ်အတွင်း အသည်းအစားထိုးခွဲစိတ်ကုသမှု သုံးကြိမ်၊ လူနာ ကိုးဦးနှင့် ၂၀၂၅ ခုနှစ်အတွင်း လူနာ သုံးဦးတို့အား အောင်မြင်စွာခွဲစိတ်ကုသဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခု နဝမအကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုကို လူနာသုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဧပြီ ၂၅**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း ဧပြီ ၂၈ ရက်မှ မေ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်း ရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။ **မိုး/ဇလ**

၂၀-၄-၂၀၂၅ ရက်နေ့မှ ၁-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၂၈-၄-၂၀၂၅ ရက်နေ့မှ ၂၉-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၂-၅-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မီးဘေးလုံခြုံရေးအသိပညာပေး

**ရန်ကုန် ဧပြီ ၂၅**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ လမ်းညွှန်ချက်ဖြင့် ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် မီးဘေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ကုံးကော်လမ်းမကြီးဈေးနှင့် အမှတ်(၉၄)ရပ်ကွက်များတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၉၄)ရပ်ကွက် ကုံးကော်လမ်းမကြီးဈေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးကျော်မိုးကြည်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီထွန်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့မှူး ဦးဇော်မျိုးထိုက်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးသတိမူရေးဆော်ဩခြင်း၊ မီးသတ်ဆေးဘူး လက်တွေ့အသုံးပြုနည်းကို သင်ကြားပေးခြင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်/ရှောင်ရန် နည်းလမ်းများကို အသိပညာပေးပြောကြားပြီး ဈေးအတွင်း မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ၊ မီးသတ်ရေကန်များ ထားရှိမှုနှင့် ဈေးအတွင်း မီးငြိမ်းသတ်ရန် ရေပိုက်ငုတ်များ ထားရှိမှုကို စစ်ဆေးကာ မီးဘေးလုံခြုံရေး ပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးသည်။

**လိုက်လံစစ်ဆေး**

အလားတူ အမှတ်(၉၄)ရပ်ကွက်တွင် လူနေအိမ်ခြေများ မီးသုံးစွဲမှု စနစ်တကျရှိစေရေး လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

**ရန်ကုန် ဧပြီ ၂၅**

မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဝင်းစိန် ဦးဆောင်၍ ယနေ့နံနက်ပိုင်းက မီးဘေးကြိုတင်ကာကွယ်ရေးအတွက်စစ်ဆေးခြင်းနှင့်အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



# ဈေးကွက်အတွင်း ဘိလပ်မြေဈေးနှုန်းများ အဆမတန်ဈေးနှုန်းမြှင့်တင် ရောင်းချခြင်းမရှိစေရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဧပြီ ၂၅**

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီး လှုပ်ခတ်မှုနှင့် ဆက်စပ်၍ ဈေးကွက်၌ ဘိလပ်မြေ ဝယ်လိုအား မြင့်တက်ခဲ့သဖြင့် အဆမတန် ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း မရှိစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ မြို့ကြီးအချို့တွင် ရောင်းဝယ်လျက်ရှိသည့် ဆောက်လုပ်ရေးပစ္စည်းဆိုင်များကို တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့များက ဧပြီ ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

**အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ဆောက်လုပ်ရေးသုံး ပစ္စည်းဆိုင် ၅၉ ဆိုင်နှင့် ဂိုဒေါင်တစ်လုံးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၄ မြို့နယ်မှ ဆောက်လုပ်ရေးသုံး ပစ္စည်းဆိုင် ၈၇ ဆိုင်နှင့် ပြည်ပမှ ဘိလပ်မြေ တင်သွင်းရောင်းချသည့် ကုမ္ပဏီသုံးခုတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်မှ ဆောက်လုပ်ရေးသုံး ပစ္စည်းဆိုင် ၈၈ ဆိုင်တို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းမြို့နယ်မှ ဆောက်လုပ်ရေးသုံးပစ္စည်းဆိုင်လေးဆိုင်တို့ကိုလည်းကောင်း၊ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ ဆောက်လုပ်ရေးသုံး ပစ္စည်းဆိုင် ၁၉ ဆိုင်တို့ကို လည်းကောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ ဆောက်လုပ်ရေးသုံး ပစ္စည်းဆိုင် ၅၉ ဆိုင်တို့ကို လည်းကောင်း ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးခဲ့ရာ စုစုပေါင်း ဆောက်လုပ်ရေး ပစ္စည်းဆိုင် ၃၂၀ ကို စစ်ဆေးတွေ့ရှိချက်များအရ ဝယ်ရင်းဈေးထက် အမြတ်ရာခိုင်နှုန်း ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ အမြတ်ယူရောင်းချလျက်ရှိသည့် ဆိုင် ၃၀၊ ဝယ်ရင်းဈေးထက် အမြတ်ရာခိုင်နှုန်း ၁၅ ရာခိုင်နှုန်းနှင့်အထက် အမြတ်ယူရောင်းချလျက်ရှိသော ဆိုင် ၃၂ ဆိုင်နှင့် ဘိလပ်မြေအိတ်များအား မသမာသည့် နည်းလမ်းဖြင့် ပြုလုပ်ရောင်းချသည့် တောင်ကြီးမြို့ အနောက်မြို့ပတ်လမ်း ရတနာသီရိရပ်ကွက်တွင် ဖွင့်လှစ်ထားသည့် ပြည့်စုံအောင်အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်ပိုင်ရှင် စိုးတင့်အောင်အပါအဝင် ရှစ်ဦးတို့အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အိမ်ဆောက်ပစ္စည်းများကို ဈေးနှုန်းမြင့်မားစွာ မြှင့်တင်ရောင်းချသူများကိုလည်း ဆက်လက် ဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**















# လျှပ်စစ်ကဏ္ဍ၌ စွမ်းအင်အရင်းအမြစ် သုံးစွဲမှုအချိုးအစား

ကျော်စွာ

မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ် လွန်စွာပေါကြွယ်ဝပြီး မြေမျက်နှာသွင်ပြင် အမျိုးအစားများ ကွဲပြားသော နိုင်ငံတစ်ခုဖြစ်သော်လည်း ကမ္ဘာပေါ်တွင် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုဒဏ်ကို ဆိုးရွားစွာခံစားရသည့် နိုင်ငံများစာရင်းတွင်လည်း ပါဝင်နေပါသည်။ နိုင်ငံအတွင်းနေထိုင်သူ အဓိကလူမျိုးစု ရှစ်မျိုးနှင့် တိုင်းရင်းသား ၁၃၅ မျိုးတို့တွင် အထူးသဖြင့် အလယ်ပိုင်းခြောက်သွေ့ဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသတွင် အခြေချနေထိုင်သူများသည် သဘာဝတရား၏ ပြောင်းလဲမှုဖြစ်သော ရာသီဥတုဖောက်ပြန်မှုဒဏ် အတော်များများကို ထိတွေ့ခံစားကြရသည်။ ထို့အပြင် ကုန်းမြင့်ဒေသနှင့် မြေနိမ့်လွင်ပြင်ဒေသရှိ နေထိုင်ကြသူ လူအများစုသည်လည်း ဆိုးရွားသောရာသီဥတုဖောက်ပြန်မှုဒဏ်၏ ဆိုးကျိုးများကို ခံစားရလျက်ရှိပါသည်။

**ပါရီသဘောတူညီချက်**

၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ကျင်းပသော ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ညီလာခံ (အဖွဲ့ဝင်အစည်းအဝေး ၂၁)တွင် အဖွဲ့ဝင် ၁၉၆ နိုင်ငံက ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာတရားဝင်သဘောတူညီမှုအဖြစ် ပါရီသဘောတူညီချက်ကို သဘောတူလက်ခံခဲ့ကြသည်။ ပါရီသဘောတူညီချက်၏ အဓိကရည်မှန်းချက်မှာ စက်မှုခေတ်မတိုင်မီ ကမ္ဘာမြေကြီး၏ အပူချိန်ထက် ၂ ဒီဂရီစင်တီဂရိတ် အပူချိန် ပိုမိုမြင့်တက်လာနိုင်ခြင်းကို ဟန့်တားရန်ဖြစ်သည်။ စက်မှုခေတ်မတိုင်မီထက် ကမ္ဘာ့အပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သာ ပိုမိုမြင့်တက်ရန် ဝိုင်းဝန်းဆောင်ရွက်ကြရန်ဖြစ်ပါသည်။

**ဖန်လုံအိမ်ဓာတ်ငွေ့များ**

ကမ္ဘာကြီးကို လွှမ်းခြုံထားသော ကမ္ဘာ့လေထုတွင်ပါဝင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း၊ ရေငွေ့၊ အိုဇုန်း၊ နိုက်ထရပ်စ်အောက်ဆိုက် (nitrous oxides) နှင့် ဖလူအိုရင်းပါသော ဓာတ်ငွေ့များ (fluorinated gases)သည် နေမှကမ္ဘာသို့ တိုက်ရိုက်ကျရောက်သော ခရမ်းလွန်ရောင်ခြည်၊ အနီအောက်ရောင်ခြည်စသည့် လျှပ်စစ်သံလိုက်လှိုင်းများကို စုပ်ယူသကဲ့သို့ ယင်းအပူရောင်ခြည်များကို ကမ္ဘာမြေပြင်မှ အရပ်မျက်နှာအားလုံးဆီသို့ ပြန်လည်ထုတ်လွှတ်ခြင်းကိုဖြစ်စေခြင်းနှင့် ကမ္ဘာမြေကြီးကို စောင်တစ်ထည်ကဲ့သို့ လွှမ်းခြုံထားခြင်းဖြင့် အပူရောင်ခြည်များက လှောင်ပိတ်စေ၍ ကမ္ဘာကြီးကို ပိုမိုပူနွေးစေပါသည်။

ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်းသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု များပြားခြင်းကြောင့်ဖြစ်သည်နှင့်အညီ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအတွက် စွမ်းအင်အရင်းအမြစ်များဖြစ်သော ရုပ်ကြွင်းဖြစ်လောင်စာများ သုံးစွဲမှုလျှော့ချရန်၊ အစားထိုးလောင်စာများအဖြစ် ပြန်လည်ပြည့်ဖြိုးမြဲလောင်စာများသုံးစွဲရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ပါရီသဘောတူညီချက်အဖြစ် လက်ခံသဘောတူညီ၍ ၂၀၂၀ ပြည့်နှစ်မှစတင်ကာ နိုင်ငံအသီးသီးက ငါးနှစ်တစ်ကြိမ် စစ်တမ်းကောက်ယူမည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာစီမံချက်များ (national climate action plans) ကို နိုင်ငံအလိုက်ရည်မှန်းချက်များ- **Nationally Determined Contributions (NDCs)** အဖြစ် ကုလသမဂ္ဂသို့ အစီရင်ခံတင်ပြကြရသည်။




၂၀၁၈ ခုနှစ် ကိန်းဂဏန်းများအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အနည်းဆုံးနိုင်ငံများတွင်ပါဝင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဒဏ်ကို အခံရဆုံးနိုင်ငံများတွင်လည်း ပါဝင်လျက်ရှိသည်ကို မြန်မာနိုင်ငံသားများက ဘဝနှင့်ရင်း၍ သိရှိခံစားနေရသည်။ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုအများဆုံးသော စက်မှုလုပ်ငန်းများဖြင့် အကျိုးများစွာရရှိနေသော ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံများကဤကဲ့သို့ ရာသီဥတုပြောင်းလဲမှုဒဏ်များဖြစ်သည့် ရေကြီးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ မြေပြိုခြင်းနှင့် မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကို မြန်မာနိုင်ငံက ရင်ဆိုင်ခံစားနေရမှုများအပေါ် ကိုယ်ချင်းစာတရားဖြင့် စာနာနားလည်၍ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့နည်းစေရေးဆိုင်ရာ နည်းပညာနှင့် လိုအပ်သည်များ ကူညီထောက်ပံ့သင့်သည်မှာ အမှန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဘောင်သဘောတူညီချက် (United Nations Framework Convention on Climate Change-UNFCCC) အဖွဲ့ဝင်နိုင်ငံဖြစ်သည်ကတစ်ကြောင်း၊ နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အနာဂတ်တွင် သဘာဝဘေးအန္တရာယ်ခံစားရမှုကို ကြံ့ကြံ့ခံရင်ဆိုင်နေထိုင်စေရေးတို့အတွက် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးဆိုင်ရာ နိုင်ငံအလိုက် ရည်မှန်းချက်များ(**NDCs**)ကို ကုလသမဂ္ဂ UNFCCC သို့ ၂၀၂၁ ခုနှစ်က တင်သွင်းခဲ့သည်။

မြန်မာနိုင်ငံ၏ **NDCs** အစီရင်ခံစာတွင် ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်းဆိုင်ရာ သိပ္ပံနည်းကျ အချက်အလက်များနှင့် အဆင့်မီမိုးလေဝသခန့်မှန်းချက်များကို ပိုမိုသိရှိနားလည်မှုရှိစေရေး တိုးတက်စေရန် အားစိုက်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်စေရေးကဏ္ဍအားလုံးဆောင်ရွက်ချက်များတွင် ဥယျာဉ်ခြံမြေ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြစ်ဝှမ်းနှင့် ရေစီမံခန့်ခွဲရေး၊ စိုက်ပျိုးရေးနှင့် အစားအစာဖူလုံရေး၊ စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုရေး၊ ကမ်းရိုးတန်းဒေသစီမံခန့်ခွဲရေး၊ အဏ္ဏဝါထိန်းသိမ်းစောင့်ရှောက်ရေး၊ စက်မှုလုပ်ငန်းများနှင့် ရာသီဥတုဖောက်ပြန်မှုဒဏ်ခံ မြို့ပြများထူထောင်ရေး စသည့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သဘာဝအခြေခံဖြေရှင်းချက်များ လိုအပ်မည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်နှင့် စက်မှုလုပ်ငန်းတွင် အပူစွမ်းအင်ရရှိရန်အတွက် ရုပ်ကြွင်းလောင်စာများကို လောင်ကျွမ်းစေ၍ အသုံးပြုခြင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ ရုပ်ကြွင်းလောင်စာများ အသုံးပြုခြင်းတို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု အများဆုံးဖြစ်သည်နှင့်အညီ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကဦးဆောင်၍ မြန်မာနိုင်ငံကိုယ်စား ရည်မှန်းချက်ထားပြုစုပေးပို့ခဲ့သော NDCs အစီရင်ခံစာတွင် စွမ်းအင်ကဏ္ဍရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ၌ ရုပ်ကြွင်းလောင်စာဖြစ်သော ကျောက်မီးသွေးအသုံးပြုခြင်းများလျှော့ချရန်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုမရှိသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်(Renew-able Energy, RE) များကို တိုးမြှင့်အသုံးပြုရန် ရည်မှန်းချက်ထားရှိပါသည်။

၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးရည်မှန်း၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ပို့လွှတ်ရေးတို့အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(JICA)၏ အကူအညီဖြင့် ၂၀၁၄ ခုနှစ်တွင် **"အမျိုးသားလျှပ်စစ်ဓာတ်အား ပင်မစီမံချက်"** ရေးဆွဲခဲ့ရာ စီးပွားရေးတွက်ခြေကိုက်မှုနှင့် ရှိရင်းစွဲစွမ်းအင်အရင်းအမြစ်များအပေါ်အခြေခံ၍ ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် စက်တပ်ဆင်အင်အား ၂၃၅၉၄ မဂ္ဂါဝပ် တပ်ဆင်ထုတ်လုပ်ရန် စီမံချက်ရေးဆွဲခဲ့ပါသည်။

ယင်းတပ်ဆင်အင်အား စုစုပေါင်းပမာဏတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ၈၈၉၆ မဂ္ဂါဝပ်(၃၈ ရာခိုင်နှုန်း)၊ သဘာဝဓာတ်ငွေ့/ ငွေ့ရည်ဖွဲ့ သဘာဝဓာတ်ငွေ့(LNG)သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ၄၇၅၈ မဂ္ဂါဝပ် (၂၀ ရာခိုင်နှုန်း)၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (RE)(နေရောင်ခြည်၊ လေစွမ်းအင်)သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ မဂ္ဂါဝပ် ၂၀၀၀ (ကိုးရာခိုင်နှုန်း) နှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ မဂ္ဂါဝပ် ၇၉၄၀ (၃၃ ရာခိုင်နှုန်း)တို့ အသီးသီးထုတ်လုပ်ရန် စီမံချက်ထားရှိပါသည်။

လူမှုစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံလိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး စွမ်းအင်အရင်းအမြစ်များကို အသုံးပြုကြရာတွင် အရည်အသွေးပြည့်မီသည့် လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိရေးနှင့် စီးပွားရေးတွက်ခြေကိုက်ခြင်းတို့ကို ထည့်သွင်းတွက်ချက်ရသကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးကိုလည်း ထည့်သွင်းတွက်ချက်ရပါသည်။ အမျိုးသားလျှပ်စစ်ဓာတ်အားကွန်ရက် (National Grid) တည်ငြိမ်စွာဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံများဖြင့် ချိတ်ဆက်မောင်းနှင်ရာတွင် အခြေခံဝန်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများဖြစ်သော ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့/ငွေ့ရည်ဖွဲ့သဘာဝဓာတ်ငွေ့(LNG)သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို **စာမျက်နှာ ၁၁ သို့** ❖

ပုံ (၁) အမျိုးသားလျှပ်စစ်ဓာတ်အား ပင်မစီမံချက်(၂၀၁၄)




**"နိုင်ငံတော်အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေး ရည်မှန်းချက်ထားစီမံချက်ရေးဆွဲခဲ့ရာတွင် အမျိုးသားလျှပ်စစ်ဓာတ်အားကွန်ရက် (National Grid) တည်ငြိမ်စွာဖြင့် အရည်အသွေးပြည့်ဝသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် စီးပွားရေးတွက်ခြေကိုက်ရုံသာမက နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိပြီး သဘာဝဘေးအန္တရာယ်များ ထိတွေ့ခံစားရခြင်းမှ ကာကွယ်နိုင်ရေး၊ ရာသီဥတုဖောက်ပြန်ခြင်း လျော့နည်းစေရေးတို့အတွက် သဘာဝအခြေခံပြုမှုနေထိုင်ရန် ကုလသမဂ္ဂရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းဆိုင်ရာ မူဘောင်သဘောတူညီချက်အရ စွမ်းအင်အရင်းအမြစ် သုံးစွဲမှုအချိုးအစား(Generation Mix) များကို နိုင်ငံအလိုက် ရည်မှန်းချက်များ (NDCs) တွင် ထည့်သွင်းရေးဆွဲ ဆောင်ရွက်လျက်ရှိ"**

❖ စာမျက်နှာ ၁၀ မှ
မောင်းနှင်လည်ပတ်ရသကဲ့သို့ စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မပေးနိုင်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (RE)သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် စရိတ်စကကြီးမားသော စွမ်းအင်သိုလှောင်စနစ်များ ထည့်သွင်းတပ်ဆင်ရပါသည်။

၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၁၄ ခုနှစ်တွင် စီမံချက်ရေးဆွဲရာ၌ နိုင်ငံ၏အခြေခံလိုအပ်ချက် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအပါအဝင် ဘက်ပေါင်းစုံမှတွက်ချက်၍ ရိုးရိုးစီးပွားရေး တွက်ခြေကိုက်သောစနစ် (Business As Usual-BAU)ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စွမ်းအင်အရင်းအမြစ်အချိုးအစား(Generation Mix) သတ်မှတ်ခဲ့ပါသည်။ ကုလသမဂ္ဂသို့ အစီရင်ခံတင်ပြခဲ့သော မြန်မာနိုင်ငံ၏ **NDCs** တွင်မူ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဒဏ်ခံနိုင်ရေးနှင့် သဘာဝအခြေခံစနစ်ကို ဦးစားပေးဆောင်ရွက်သည့်အနေဖြင့် **“အမျိုးသားလျှပ်စစ်ဓာတ်အား ပင်မစီမံချက်”** တွင်ပါရှိသည့် စွမ်းအင်အရင်းအမြစ် အချိုးအစား (Generation Mix)ကို ရည်မှန်းချက်နှစ်မျိုးဖြင့် ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

**NDCs ၏ Unconditional Target(ကိုယ်ထူကိုယ်ထစနစ်)** ရည်မှန်းချက်သည် နိုင်ငံတော်၏ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံရေးဆွဲထားသည်။ အချိန်ကာလပြောင်းလဲခြင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားပမာဏ ထုတ်လုပ်ရန် စုစုပေါင်း

ပုံ (၂) Unconditional Target in NDCs




စက်တပ်ဆင်အင်အား ၁၈၂၃၉ မဂ္ဂါဝပ်ဖြင့် စီမံချက်ရေးဆွဲထား၍ ၂၀၁၄ ခုနှစ် BAU စနစ်ထက် ၅၃၅၅ မဂ္ဂါဝပ် လျော့နည်းလျက်ရှိပါသည်။ တပ်ဆင်ပမာဏများပြားသော (Large Scale) ရေအားလျှပ်စစ်ဓာတ်အားပေးစီမံကိန်းများနှင့်ပတ်သက်၍ လူမှုစီးပွားရေးဆန်းစစ်ချက်များအရ စီမံကိန်းတည်ဆောက်ခြင်းများလျှော့ချပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ၅၁၅၆ မဂ္ဂါဝပ် (၂၈ ရာခိုင်နှုန်း)နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်ခြင်း လျော့နည်းစေရေးအတွက် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်းကို ၃၆၂၀ မဂ္ဂါဝပ် (၂၀

ပုံ (၃) Unconditional Target in NDCs




ရာခိုင်နှုန်း)အထိ လျှော့ချ၍ စီမံချက်ရေးဆွဲထားပေသည်။ ကုန်ကျစရိတ်များပြားသော်လည်း သဘာဝစွမ်းအင်အရင်းအမြစ်များ အကျိုးရှိထိရောက်စွာ အသုံးချရေး၊ သဘာဝဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်ခြင်း လျော့နည်းစေရေးတို့အတွက် သဘာဝဓာတ်ငွေ့/ ငွေ့ရည်ဖွဲ့ သဘာဝဓာတ်ငွေ့ (LNG)သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ၆၀၆၃ မဂ္ဂါဝပ်(၃၃ ရာခိုင်နှုန်း) တိုးမြှင့်ထုတ်လုပ်ရန် စီမံရေးဆွဲခဲ့သကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ဗို့အားမြင့် ဓာတ်အားလိုင်းများချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ၁၄၀၀ မဂ္ဂါဝပ် (၈ ရာခိုင်နှုန်း)ဝယ်ယူရန် စီမံရေးဆွဲထားပါသည်။

**NDCs ၏ Conditional Target** ရည်မှန်းချက်သည် နိုင်ငံတကာဘဏ္ဍာငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများ၊ အထောက်အပံ့များနှင့် နည်းပညာအကူအညီများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံရေးဆွဲထားခြင်းဖြစ်ပါသည်။ အချိန်ကာလပြောင်းလဲခဲ့ခြင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားပမာဏထုတ်လုပ်ရန် စုစုပေါင်း စက်တပ်ဆင်အင်အား ၁၈၃၂၉ မဂ္ဂါဝပ်ဖြင့် စီမံချက်ရေးဆွဲထား၍ ၂၀၁၄ ခုနှစ် BAU စနစ်ထက် ၅၂၆၅ မဂ္ဂါဝပ် လျော့နည်းလျက်ရှိပါသည်။

တပ်ဆင်ပမာဏများပြားသော (Large Scale) ရေအားလျှပ်စစ် ဓာတ်အားပေးစီမံကိန်းများနှင့် ပတ်သက်၍ လူမှုစီးပွားရေးဆန်းစစ်ချက်များအရ စီမံကိန်းတည်ဆောက်ခြင်းများလျှော့ချ၍ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှ ၅၆၇၆ မဂ္ဂါဝပ် (၃၁ ရာခိုင်နှုန်း)နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်ခြင်း လျော့နည်းစေရေးအတွက် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ မဂ္ဂါဝပ် ၂၁၂၀ (၁၁ ရာခိုင်နှုန်း)အထိ လျှော့ချ၍ စီမံချက်ရေးဆွဲထားပါသည်။

ကုန်ကျစရိတ်များပြားသော်လည်း သဘာဝစွမ်းအင်အရင်းအမြစ်များ အကျိုးရှိထိရောက်စွာ အသုံးချရေး၊ သဘာဝဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်ခြင်း လျော့နည်းစေရေးတို့အတွက် သဘာဝဓာတ်ငွေ့/ ငွေ့ရည်ဖွဲ့သဘာဝဓာတ်ငွေ့ (LNG)သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ၆၀၆၃ မဂ္ဂါဝပ် (၃၃ ရာခိုင်နှုန်း) နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်(RE)(နေရောင်ခြည်၊ လေ)သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ မဂ္ဂါဝပ် ၃၀၇၀ (၁၇ ရာခိုင်နှုန်း )အထိ တိုးမြှင့်ထုတ်လုပ်ရန်စီမံရေးဆွဲခဲ့သကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ဗို့အားမြင့် ဓာတ်အားလိုင်းများချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၄၀၀ (၈ ရာခိုင်နှုန်း) ဝယ်ယူရန် စီမံရေးဆွဲထားသည်။

နိုင်ငံတော်အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး ရည်မှန်းချက်ထား စီမံချက်ရေးဆွဲခဲ့ရာတွင် အမျိုးသားလျှပ်စစ်ဓာတ်အားကွန်ရက် (National Grid) တည်ငြိမ်စွာဖြင့် အရည်အသွေးပြည့်ဝသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် စီးပွားရေးတွက်ခြေကိုက်ရုံသာမက နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိပြီး သဘာဝဘေးအန္တရာယ်များ ထိတွေ့ခံစားရခြင်းမှ ကာကွယ်နိုင်ရေး၊ ရာသီဥတု ဖောက်ပြန်ခြင်း လျော့နည်းစေရေးတို့အတွက် သဘာဝအခြေခံပြုမှုနေထိုင်ရန် ကုလသမဂ္ဂ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းဆိုင်ရာ မူဘောင်သဘောတူညီချက်အရ စွမ်းအင်အရင်းအမြစ်သုံးစွဲမှုအချိုးအစား(Generation Mix) များကို နိုင်ငံအလိုက် ရည်မှန်းချက်များ (NDCs) တွင် ထည့်သွင်းရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား –**

- **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ၂၀၂၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် Nationally Determined Contribution(NDC)**
- **ပါရီသဘောတူညီချက်(၂၀၁၆)၊ United Nations Framework Convention on Climate Change**
- **National Aeronautics and Space Administration (NASA), Climate Kids ကဏ္ဍပါ What is The Greenhouse Effect?**

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီနှင့် စားသောက်ကုန်မျိုးစုံ လှည့်လည်ရောင်းချပေးလျက်ရှိ



**နေပြည်တော် မေ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံ ဈေးကားများသည် ပြည်ထောင်စု နယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း လျောင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ၂၆ ရက်မြောက်နေ့အဖြစ် ဈေးကား ခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

မတ် ၃၀ ရက်မှ ယနေ့အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံ ဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ခနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ စားသုံးသူရေးရာ ဦးစီးဌာနရုံးအမှတ်(၅၂)၊ ပြည်ထဲရေးဝန်ကြီးဌာန ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ ပုဗ္ဗသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများရှိ ဝန်ထမ်းများအား ဆန် ခြောက်ပြည်ပါ (မနောသုခ-Export Quality) ၉၅၂၆ အိတ်၊ ဆန် ငါးပြည်ပါ(ဖျာပုံပေါ်ဆန်း) ၂၁၉၃ အိတ်၊ ဆီ ပိဿာ ၂၅၉၇၀၊ ဆား ၁၄၄၄ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားထုပ် ၅၀၁၄ ထုပ်၊ ငါးပိ ၂၄၁ ပိဿာ၊ ငါးကြင်း ၄၅ ပိဿာ၊ ငါးတန် ပိဿာ ၄၀၊ ငါးမုတ် ပိဿာ ၃၀၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပြဲခြောက်များ၊ ငါးရောင်ခြောက်များ၊ ကြက်ဥ၊ ဘဲဥများနှင့် ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့သည်။

ထို့အတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ(ရွှေဝါထွန်း) ၂၈၃ အိတ်၊ စားအုန်းဆီ ၄၅၆၅ ပိဿာ၊ ဆား ၄၆ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၂၃၅ ဘူး၊ ငါးပိ ၁၅ ပိဿာ၊ ကြက်သွန်နီ ၅၂၇ ပိဿာ၊ အသားတု ၂၂ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ(မနောသုခ) ၅၁၅ အိတ်၊ စားအုန်းဆီ ပိဿာ ၄၆၂၀၀၊ ဆား ၄၅ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၇၄ ထုပ်၊ ငါးပိ ၁၈ ပိဿာ၊ ငါးနီတူခြောက်၊ အာပြဲခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငပုတောမြို့နယ်၌ ရွှေဟောင်းမဟာရာဇမုနိ အောင်တော်မူစေတီတော်မြတ် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်၊ ရွှေထီးတော်အထွတ် ဘုံအဆင့်ဆင့်တင်လှူပူဇော်ပွဲ အခမ်းအနားကျင်းပ

**ပုသိမ် မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် အရှေ့ပိုင်းရပ်ကွက် ဥယျာဉ်ကုန်းလမ်းတွင် တည်ထားကိုးကွယ်တော်မူသော ရွှေဟောင်းမဟာရာဇမုနိ အောင်တော်မူ စေတီတော်မြတ် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်၊ ရွှေထီးတော်အထွတ် ဘုံအဆင့်ဆင့်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ မဟာမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များထံမှ မေတ္တာသုတ် ပရိတ်တရားတော် နာယူကြည်ညိုကြ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးတို့က ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



ထို့နောက် ရွှေဟောင်းမဟာရာဇမုနိ အောင်တော်မူစေတီတော်မြတ် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးနှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို ပင့်ဆောင်၍ စေတီရင်ပြင်တော်တွင် လက်ယာရစ် သုံးကြိမ်လှည့်လည်ပူဇော်ခဲ့ပြီး မင်္ဂလာရထားပျံဖြင့် ရွှေထီးတော် ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို ပင့်ဆောင်တင်လှူပူဇော်ခဲ့ကြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး မဟာရာဇမုနိအောင်တော်မူ စေတီတော် ပြုပြင်မွမ်းမံတည်ဆောက်မှုသမိုင်း မှတ်တမ်းမော်ကွန်းလွှာကို အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြသည်။ ထို့နောက် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး နတ်ဗြဟ္မာတို့အား ပြန်လည်ပို့ဆောင်၍ "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးက ရတနာ ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# တနင်္သာရီမြို့နယ်လူထုအခြေပြု ဗဟိုဌာနခန်းမ၌ စာအုပ်လှူဒါန်းပွဲကျင်းပ

**တနင်္သာရီ မေ ၂၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပြည်သူ့စာကြည့်တိုက်အတွက် စာအုပ်ဝယ်ယူရန်အလှူငွေပေးအပ်ခြင်းနှင့် သုတ/ရသစာအုပ်များ လှူဒါန်းပွဲအခမ်းအနားကို မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးမင်းသူက အဖွင့်အမှာစကားပြောကြားပြီး ဝိသာခါနှင့်ဓမ္မဒိန္နာအမေးအဖြေစာအုပ်နှင့် သုတ/ရသစာအုပ် ၂၂ အုပ်ကိုလည်းကောင်း၊ ဆက်လက်၍ မြို့ နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်က အမှာစကားပြောကြားပြီး အလှူငွေများပေးအပ်ရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထိန်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက်မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများက စာအုပ်ဝယ်ယူရန် အလှူငွေများပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ကြသည်။

စာအုပ်လှူဒါန်းပွဲတွင် စာအုပ်ဝယ်ယူရန်အလှူ ငွေကျပ် ၆၁၀၀၀၀ နှင့် သုတစာအုပ် ၅၅ အုပ်ကိုလက်ခံရရှိကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မန္တလေးအောင်ပင်လယ်ရပ်ကွက်တွင် ငါးရက်ကြာစတုဒိသာထမင်းကျွေးပွဲပြုလုပ်

**မန္တလေး မေ ၂၃**



မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် 106/107 ကြား 54C တွင် ငါးရက်ကြာ စတုဒိသာကျွေးပွဲကို မေ ၂၂ ရက်ကပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျွေးမွေးပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ် အောင်ပင်လယ်ရပ်ကွက် 106/107ကြား 54Cနေ ဦးဇင်ဖြိုး-ဒေါ်ငွေချယ်ရီမိသားစုက လူမျိုးမရွေး၊ ဘာသာမရွေးစတုဒိသာထမင်းကျွေးပွဲကို ငါးရက်တိုင်တိုင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အလှူရှင်၏ မိတ်ဆွေများမှလည်းဆန်များ ပါဝင်ကူညီခဲ့ကြပြီး ကျွေးမွေးပွဲမှ ပိုလျှံသော ဆန်များကို ရပ်ကွက်အတွင်းရှိ သက်ကြီးအဘိုး၊ အဘွားများအား တစ်ဦးလျှင်တစ်ပြည်နှုန်း လှူဒါန်းကန်တော့ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ပြင်ဦးလွင်မြို့တွင် ပြည်သူ့သက်သာဈေးရောင်းချခြင်း ဆောင်ရွက်

**ပြင်ဦးလွင် မေ ၂၅**

မန္တလေး တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ပြင်ဦးလွင်မြို့နေ ပြည်သူများအား သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရေး အတွက် လုပ်ငန်းရှင်များနှင့် ညှိနှိုင်း၍ အမဲ၊ ဝက်၊ ဆိတ် အသားများ၊ ဆန်၊ စားအုန်းဆီ၊ ကြက်ဥများကို ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂) ကျောက်တိုင် ကွင်းအတွင်းတွင် ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင် / မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ပြည်သူ့သက်သာ ဈေးရောင်းချခြင်းကို ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါပြည်သူ့သက်သာဈေး၌ ပြည်သူတစ်ဦးလျှင် ဆီတစ်ပိဿာ ၇၉၉၅ ကျပ်ဖြင့် စားအုန်းဆီ ပိဿာ ၃၃၀၊ ကြက်ဥ ၁၀ လုံး ကျပ် ၃၅၀၀ ဖြင့် အလုံး ၃၀၀၀၊ ဆန် တစ်ပြည် ကျပ် ၃၂၀၀ ဖြင့် ဆန် ၁၀ အိတ်၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးမှ အသား သတ်မှတ်ဈေးနှုန်းဖြင့် ဝက်သား တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀၀ ဖြင့် ပိဿာ ၃၀၊ ဆိတ်သား တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀ ဖြင့် ၁၅ ပိဿာနှင့် အမဲသားတစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀ ဖြင့် ပိဿာ ၃၀ တို့အား ဈေးနှုန်းသက်သာ စွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး ရောင်းချပေးလျက်ရှိပြီး အပတ်စဉ် သောကြာနေ့တိုင်း ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝါဝါ(ပြန်/ဆက်)**



# မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ယမန်နေ့မွန်းလွဲ ၃ နာရီတွင် ဆုတောင်းပြည့် မယ်လမုဘုရား၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစည်သူမျိုး ဦးဆောင်၍ သန္တေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မြောက်ဥက္ကလာပမြို့နယ်ရှိ ဆုတောင်းပြည့် မယ်လမုဘုရားရင်ပြင်အနီးရှိ အမှိုက်သရိုက်များ ကောက်ယူခြင်း၊ မြက်ပင်၊ ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ စေတီတော်ရင်ပြင်အနီး ရေဖြင့် ဆေးကြောသန့်စင်ခြင်း၊ တံမြက်စည်းလှဲခြင်း၊ ဘုရားပရဝဏ်အတွင်း / အပြင်များတွင် သန့်ရှင်းရေးပြုလုပ်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# စည်းကြပ်ခွန်မူဝါဒများနှင့်ပတ်သက်၍ အမေရိကန်နှင့် တောင်ကိုရီးယားတာဝန်ရှိသူများ ဆွေးနွေး



**ဝါရှင်တန် မေ ၂၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ စည်းကြပ်ခွန်မူဝါဒများနှင့်ပတ်သက်၍ အမေရိကန်နှင့် တောင်ကိုရီးယားတာဝန်ရှိသူများသည် နှစ်ဖက်ညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယား ဒုတိယဝန်ကြီးချုပ် ချိုဆန်မွတ်ခ်နှင့် စက်မှုဝန်ကြီး အန်ဒက်ဂန်တို့သည် အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်စ်ဆန့်နှင့် ကုန်သွယ်ရေးကိုယ်စားလှယ် ဂျက်မီမ်ဆန်ဂရေးရားတို့နှင့် ဝါရှင်တန်မြို့တော်၌ တွေ့ဆုံပြီး ကုန်သွယ်ရေးဆိုင်ရာ အခွန်ကောက်ခံမှုများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

အမေရိကန်၏ အခွန်စည်းကြပ်မှုသည် နှစ်နိုင်ငံစီးပွားရေးဆက်ဆံရေးကို ခြိမ်းခြောက်နိုင်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားသည်။

**ထုတ်ဖော်ပြောကြား**

အထူးသဖြင့် မော်တော်ယာဉ်လုပ်ငန်းအတွက် စည်းကြပ်မှုများကို ဖယ်ရှားရန် အရေးကြီးကြောင်း တောင်ကိုရီးယားနိုင်ငံ၏ လိုလားချက်ကို ၎င်းတို့က ထုတ်ဖော်ပြောကြားသည်။

အကောက်ခွန်မဲ့ အစီအမံများအပြင် စီးပွားရေးလုံခြုံရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ငွေကြေးမူဝါဒဆိုင်ရာ ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားရန်လည်း နှစ်နိုင်ငံဝန်ကြီးများက သဘောတူညီခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တက်ရောက်ခြင်းမရှိခဲ့ကြောင်း ဒေသတွင်း မီဒီယာများက ဝေဖန်ထောက်ပြခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်ဒေသသို့ ပို့ဆောင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပိတ်ပင်မှုကို အမြန်ဆုံးဖယ်ရှားရန် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့ တိုက်တွန်း

**ဂါဇာစီးတီး မေ ၂၅**

ဂါဇာကမ်းမြောင်၌ စားနပ်ရိက္ခာနှင့် ဆေးဝါးများ ပြတ်လပ်လျက်ရှိသည့်အတွက် ဂါဇာဒေသသို့ ပို့ဆောင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပိတ်ပင်မှုကို အမြန်ဆုံးဖယ်ရှားရန် လိုအပ်ကြောင်း ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က အစ္စရေးအစိုးရအား တိုက်တွန်းခဲ့ကြောင်း သိရသည်။

ဥရောပသုံးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် မေ ၂၄ ရက်တွင် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။



ဂါဇာဒေသ၌ ကလေးငယ်တစ်သန်းအပါအဝင် ပါလက်စတိုင်းအရပ်သားများသည် ငတ်မွတ်ခေါင်းပါးမှု၊ ကူးစက်ရောဂါခံစားရမှုနှင့် သေဆုံးမှုအန္တရာယ်တို့ကို ရင်ဆိုင်နေရကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို နိုင်ငံတကာဥပဒေနှင့်အညီ ခွင့်ပြုပေးရန် အစ္စရေးအစိုးရကို တိုက်တွန်းကြောင်း နိုင်ငံခြားရေးဝန်ကြီးများက ပြောကြားသည်။

ထို့ပြင် ဝန်ကြီးများသည် အစ္စရေးနှင့် ဟားမတ်စ်တို့ကို အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုများ ပြန်လည်လုပ်ဆောင်ရန်လည်း တောင်းဆိုခဲ့ကြောင်း သိရသည်။

အစ္စရေး တပ်မတော်သည် ဂါဇာကမ်းမြောင်ဒေသအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို မတ် ၂ ရက်မှစပြီး ရက်ပေါင်း ၅၀ ကျော် ပိတ်ဆို့ထားခဲ့သည်။ အဆိုပါ ဆောင်ရွက်မှုသည် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများတွင် ဟားမတ်စ်အပေါ် ဖိအားများ တိုးမြှင့်လာစေရန် ရည်ရွယ်ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သည့် လက်ရှိပဋိပက္ခစတင်ချိန်မှစ၍ အဆိုးရွားဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ရင်ဆိုင်နေရဖွယ်ရှိကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတို့၏ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ လွန်ခဲ့သည့် ၂၄ နာရီအတွင်း လူ ၃၉ ဦး သေဆုံးခဲ့ပြီး လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၅၃၃၀၅ ဦးအထိရှိကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များက အတည်ပြုပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အာဖဂန်နစ္စတန်နိုင်ငံသို့ အာဖဂန်ဒုက္ခသည် ၁၂၀၀၀၀ နီးပါး ပြန်လည်ရောက်ရှိ

**ကဘူး မေ ၂၅**

မေ ၁ ရက်မှ ၂၄ ရက်အထိ အိမ်နီးချင်းပါကစ္စတန်မှ အာဖဂန်နစ္စတန်နိုင်ငံသို့ အာဖဂန်ဒုက္ခသည် ၁၂၀၀၀၀ နီးပါး ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ယမန်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

သို့သော် နိုင်ငံအတွင်း၌ ပညာရေး၊ အသက်မွေးဝမ်းကျောင်းမှုနှင့် လွတ်လပ်စွာသွားလာခွင့် ကန့်သတ်ချက်များကြောင့် အမျိုးသမီးများနှင့် မိန်းကလေးများသည် စိုးရိမ်ပူပန်လျက်ရှိကြောင်း အာဖဂန်နစ္စတန်ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ကိုယ်စားလှယ် အာရာဖတ် ဂျမာလ်က ပြောသည်။

ပြီးခဲ့သည့်နှစ်အတွင်း အိမ်နီးချင်း ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်နိုင်ငံသား နှစ်သန်းခန့်သည် နေရပ်သို့ပြန်လာခဲ့ကြောင်း သိရသည်။ ပါကစ္စတန်အစိုးရက အာဖဂန်နိုင်ငံသား သုံးသန်းကို နေရပ်ပြန်ပို့ရန် စီစဉ်ထားပြီး အီရန်အာဏာပိုင်များကလည်း အထောက်အထားမဲ့ နိုင်ငံခြားသားများကို နေရပ်ပြန်ရန် တောင်းဆိုထားကြောင်း သိရသည်။

အာဖဂန်ဒုက္ခသည် ခုနစ်သန်းနီးပါးရှိပြီး အများစုမှာ အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများဖြစ်ပြီး အများစုမှာ အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့၌ နေထိုင်လျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**



# နီပေါနိုင်ငံ၌ တောင်တက်ရာသီကာလအတွင်း တောင်တက်သမား ၉၈၇ ဦးအား တောင်ထိပ် ၂၆ ခုသို့ တက်ရောက်ခွင့်ပြု

**ခေတ္တမန္ဒူ မေ ၂၅**

နီပေါနိုင်ငံ၌တောင်တက်ရာသီကာလအတွင်း တောင်တက်အဖွဲ့ ၁၀၅ ဖွဲ့မှ တောင်တက်သမား ၉၈၇ ဦးအား တောင်ထိပ် ၂၆ ခုသို့ တက်ရောက်ခွင့်ပြုခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။

အဆိုပါတောင်တက်သမားများသည် နိုင်ငံနှင့် ဒေသ ၅၁ ခုမှဖြစ်ပြီး ၎င်းတို့အနက် အမျိုးသမီး ၂၁၇ ဦး ပါဝင်ကြောင်း နီပေါနိုင်ငံ၏ခရီးသွားဌာန ဒါရိုက်တာ လီလာဒါအာဝါသီက ပြောသည်။

ထို့ပြင် အမျိုးသား ၃၂၈ ဦးနှင့် အမျိုးသမီး ၇၄ ဦးတို့ကို နီပေါနှင့် တရုတ်နိုင်ငံတို့အကြား တည်ရှိသည့် ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်ဖြစ်သည့် ၈၈၄၈ ဒသမ ၈၆ မီတာမြင့်သော ကိုမိုလန်မာတောင်ထိပ်သို့ တက်ခွင့်ပြုခဲ့သည်။

မနှစ်ကထက် တောင်တက်သမားများ ပိုမိုလာရောက်ရန်လည်း မျှော်လင့်ကြောင်း ဒါရိုက်တာ လီလာဒါ အာဝါသီက ပြောသည်။

နီပေါနိုင်ငံသည် ကိုမိုလန်မာတောင်တစ်ခုတည်းမှ ဒေါ်လာ ၄ ဒသမ ၃၅ သန်းအပါအဝင် မေ ၂၅ ရက်အထိ တောင်တက်ခွင့်ပါမစ်ထုတ်ပေးခြင်းမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၁ သန်း ရရှိခဲ့သည်။

နီပေါနိုင်ငံ၏ တောင်တက်ရာသီကာလသည် ဧပြီလမှ မေလအထိဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ကမ္ဘာ့စတုတ္ထအကြီးဆုံး စီးပွားရေးအသိုက်အဝန်းတစ်ခုဖြစ်လာ

**ဝါရှင်တန် မေ ၂၅**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်သည် ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) အရ ဂျပန်နိုင်ငံကို ကျော်တက်ပြီး ကမ္ဘာ့စတုတ္ထအကြီးဆုံး စီးပွားရေးအသိုက်အဝန်းတစ်ခုဖြစ်လာကြောင်း သိရသည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အမေရိကန် စီးပွားရေးဆန်းစစ်လေ့လာမှုဗျူရိုတို့၏ အသစ်ထွက်ရှိလာသည့် အချက်အလက်များအပေါ် အခြေခံ၍ ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်က အထက်ပါအတိုင်း ပြောကြားသည်။

အမေရိကန် စီးပွားရေးဆန်းစစ်လေ့လာမှုဗျူရိုသည် အမေရိကန်စီးပွားရေးဌာန၏ လက်အောက်တွင် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

ကယ်လီဖိုးနီးယား၏ ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ထရီလီယံအထိ ရောက်ရှိခဲ့ပြီး ဂျပန်၏ ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၂ ထရီလီယံ ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကိန်းဂဏန်းများအရ ကယ်လီဖိုးနီးယားပြည်နယ်သည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အမေရိကန်၊ တရုတ်နှင့် ဂျာမနီနိုင်ငံတို့ပြီးနောက် ကမ္ဘာ့စတုတ္ထအကြီးဆုံး စီးပွားရေးအသိုက်အဝန်းတစ်ခုဖြစ်လာသည်။

မကြာသေးမီက ယန်းငွေတန်ဖိုးကျဆင်းမှုကြောင့် ဂျပန်၏ ကုန်ထုတ်လုပ်မှုတန်ဖိုး လျော့ကျခဲ့ခြင်းဖြစ်သည်။

ကယ်လီဖိုးနီးယားပြည်နယ်၌ နည်းပညာမြင့် ကုမ္ပဏီကြီးများ အများအပြားတည်ရှိပြီး နိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အဓိက ဆောင်ရွက်လျက်ရှိသည်။

လူ့စွမ်းအားအရင်းအမြစ်များမြှင့်တင်ရေးနှင့် ဆန်းသစ်တီထွင်မှုစွမ်းပကားကို ယုံကြည်သည့်အတွက်ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်း ဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်က ပြောကြားသည်။

ထို့ပြင် ပြည်နယ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက် ရှိသော်လည်း ဖက်ဒရယ်အစိုးရ၏ မဆင်မခြင် အခွန်ကောက်ခံသည့်မူဝါဒကြောင့် တိုးတက်မှုကို ခြိမ်းခြောက်ခြင်းခံနေရကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၅

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက်က အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ ငါးလုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၇၉၃၆၁၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



သီလဝါဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

ထို့ပြင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျဉ်းမနားခရိုင်၊ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၉ ဒသမ ၂၈၂ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၃၉၆၇)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၈၆၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၅၆၄၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက်ရှိ တံတားတိုပွဲချိပ်ဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၉၇၁၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ပလိပ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခုနစ်မျိုး၊ လူသုံးကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၄၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီး၊ Mitsubishi Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက်ရပ်ကွက်၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ၃၀၈ ဂါလန်၊ ဘက်ထရီပန့်နှစ်လုံး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၄၈၄၄၄)နှင့် အမရပူရမြို့နယ် ရတနာပုံတံတား (နှာပေါက်) စစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၉၅၈ ဂါလန်၊ ဓာတ်ဆီ ၈၄ ဂါလန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၄၈၂၁၁၈)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၄၂၀၅၆၂)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

မေ ၂၄ ရက်က ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ်၊ မြောင်းမြမြို့နယ်နှင့် ပုသိမ်မြို့နယ်တို့၌ လိုင်စင်မဲ့ ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ပုသိမ်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၃ ဒသမ ၄၉၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၆၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၆၅၆၀၀)ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၉၈၇၅၂၉)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်း စီးပွားရေးလုပ်ငန်းများက ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# သာစည်မြို့နယ်နှင့် မူဆယ်မြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၅

သာစည်မြို့နယ်နှင့် မူဆယ်မြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၃ ရက် ည ၁၀ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မမြင့်မြင့်ခိုင်(ခ)မခိုင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ (တန်ဖိုးငွေကျပ် သိန်း ၃၀၀)ကို လည်းကောင်း၊ အလားတူ မေ ၂၄ ရက် ညနေ ၄ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်တွင် ကျော်ဆန်းလင်း(ခ)အင်ဲ မောင်းနှင်ပြီး ဇော်ထက်(ခ)ငပိန် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ (တန်ဖိုးငွေကျပ် ၂၂ သိန်း) ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



မမြင့်မြင့်ခိုင်(ခ)မခိုင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၄-၂၀၂၅ စနေနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရှုဂ်သုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ဝိုးရှမ်းတို့ရဲ့မြို့တော်ကျိုင်းတုံ |
| ၀၉:၁၀ | နဝင်္ဂဥပေါသထသီလပေးတရားတော် |
| ၀၉:၃၅ | မြရောင်ခြယ်...ပြည်ပပို့ကုန်အမယ် |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၅ | လူငယ်ရေးရာအစီအစဉ် |
| ၁၁:၀၀ | ချစ်စရာအရွယ်ကစားကြမယ် |
| ၁၁:၃၀ | တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ |
| ၁၂:၃၅ | ဘဝမြင့်သွားရခြင်းတရားတော် |
| ၁၃:၄၀ | MRTV National News |
| ၁၄:၃၅ | မြန်မာဇာတ်လမ်းတွဲ 'ပန်းမျိုးသည်လက်' (အပိုင်း–၂၀)(ဇာတ်သိမ်းပိုင်း) |
| ၁၅:၁၅ | မျိုးဝဂ်တင့်စေဆိုကရေးတီးအမွေ |
| ၁၆:၄၀ | ပုံပြင်ကမ္ဘာအစီအစဉ် 'အသိဉာဏ်' |
| ၁၇:၁၀ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၇:၃၅ | ပုပ္ပါးတောင် အမျိုးသားဥယျာဉ် |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၈:၄၅ | ဆုတောင်းမေတ္တာတေးကမ္ဘာ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ဖုာခရီး' (အပိုင်း–၄၉) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၁၀ | ဆုတောင်းမေတ္တာတေးကမ္ဘာ |
| ၂၁:၃၀ | (၃၀)ဖြာမင်္ဂလာ 'ပုဗ္ဗေစကတပုညတာ' (ရှေးကပြုခဲ့သောကောင်းမှုရှိခြင်း) |
| ၂၂:၀၀ | ရုပ်မြင်သံကြားဇာတ်လမ်း |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah) |
| 07:08 | Weekly Review |
| 07:25 | Khema Yama Nunnery School |
| 07:40 | Myanmar Traditional Snacks: Mounhsi Gyaw |
| 07:45 | Myanmar Family Life: Organic Farm |
| 08:01 | News |
| 08:27 | Lifestyle & Entertainment |
| 08:36 | Soft-shell Crab Export |
| 09:01 | Quiz Time (Ep-62) |
| 10:01 | News |

### Me

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ |
| ၀၆:၃၀ | တိုင်းရင်းသားသီချင်း၊ အက(ရှမ်း) |
| ၀၇:၀၀ | မြန်မာ့သံစဉ်တေးများ |
| ၀၇:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟန်ဆောင်အပြုံးနဲ့အမုန်း' (အပိုင်း–၁၁) |
| ၀၈:၀၀ | စတီရီယိုတေးများ |
| ၀၈:၂၀ | ဟိုးတုန်းကကက်ဆက်ဇာတ်လမ်းများ |
| ၀၉:၂၅ | ဝတ်စားဆင်ယင်မှု |
| ၀၉:၄၅ | မြန်မာရုပ်ရှင်(ဖြူမည်း) 'ပေါင်မူပိုင်ရှင်' |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာကယားရိုးရာအိမ်ကလေး

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ရှင်သီဝလိခြေတော်ရာသို့ အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကျန်းမာအောင်အသက်ရှင်နေထိုင်ခြင်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးတဲ့ဓလေ့

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ချဉ်ပေါင်ဟင်းရည်ချက်နည်း

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
နွားနောက်သားဆန်ပြုတ်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
လုံခြုံနွေးထွေးအရိပ်ပေးမွန်တို့ရိုးရာအိမ်ကလေး

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
မာရီငါးပါးဘုရားဖူးကြမယ်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း–၃)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း–၇)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ကချင်ရိုးရာငါးကင်လုပ်စားကြမယ်

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၉:၄၅ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၁၅ | Bird's Eye View |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၄၅ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ 'အစ္စရေးနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်ဖွယ်ရာ ဥပဒေမှ' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဖရိကနိုင်ငံ' (အပိုင်း–၁) |
| ၁၁:၃၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း–၇၉) |

### MRTV FARMERS' HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | တောင်သူအများပြုံးရွှင်ဖို့ ချည်မျှင်ရှည်ဝါစိုက်ကြပါစို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | What a Day on the Homestead ACTUALLY Look Like |
| ၁၉:၁၅ | Thatched Living-A Nostalgic Future-NHK WORLD-JAPAN |
| ၂၀:၀၀ | သားပိုက်ကောင်(ဇာတ်လမ်း) |
| ၂၂:၀၀ | The Batman(Ep-1)(နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၀ | Soccer View |
| ၁၂:၀၀ | FIFA MFF U-19 Youth League (Replay) (JV Vs MIU) |
| ၁၇:၀၀ | အားကစားသတင်း |

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘ အုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ တံတားဦးမြို့နယ်၊ မိုးကုတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၊ မုံရွာမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်၊ နောင်ချိုမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၃၀ နှင့် အမျိုးသမီး ၂ ဦးတို့သည် ၎င်းတို့နှင့်အတူပါလာသည့် Type-81 အမျိုးအစား သေနတ်ငါးလက်၊ ၎င်းကျည်အိမ် ၁၃ ခု၊ ကျည်အတောင့် ၉၀၀ နှင့် လက်ပစ်ဗုံးငါးလုံးတို့ကို အပ်နှံကြရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက်တာဝန်ရှိသူများကသေနတ်တစ်လက်လျှင် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်းဖြင့် သေနတ်ငါးလက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၅၀၊ လက်ပစ်ဗုံး ငါးလုံးအတွက် ကျပ် သုံးသိန်းနှင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအတွက် ကျပ်သိန်း ၁၄၀ တို့ကို ထောက်ပံ့ပေးအပ်ရာ



ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက လက်ခံရယူကြသည်။ ထို့နောက် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်/ ခဲယမ်းများပါရှိမှုအတွက် ဆုကြေး ငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေပြည်သစ် သမဝါယမအသင်းလီမိတက်နှင့် ပြည်စုံချမ်းသာ သမဝါယမအသင်းလီမိတက်တို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကျင်းပ

နေပြည်တော် မေ ၂၅

ရွှေပြည်သစ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်နှင့် ပြည်စုံချမ်းသာ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်တို့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် သဘာပတိ ဦးမျိုးဝင်းအောင်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးက အမှာစကားပြောကြားသည်။



ထို့နောက် အသင်းများ၏ ဘဏ္ဍာရေးရှင်းတမ်း၊ လုပ်ငန်းအစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားပြီး အမှုဆောင် အဖွဲ့ဝင်များကို အသင်းသားများက အဆိုပြုထောက်ခံရွေးချယ် အတည်ပြုကာ အမှုဆောင်အဖွဲ့ဝင်များအား တာဝန်ခွဲဝေ သတ်မှတ်၍ သဘာပတိရှေ့မှောက်၌ကတိသစ္စာခံယူပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်ပွဲသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် အသင်းသား အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေးဆောင်ရွက်

ရန်ကုန် မေ ၂၅

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ လမ်းညွှန်ချက်ဖြင့် ယမန်နေ့ညနေပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် မီးဘေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို အမှတ်(၈)ရပ်ကွက်နှင့် အမှတ်(၂)စည်ပင်သာယာဈေးတို့တွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်အောင် ဦးဆောင်၍ သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များက အမှတ်(၁၂၅)ရပ်ကွက်အတွင်း မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အေးမဉ္ဇူ**



# ပြင်ဦးလွင်ခရိုင်၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

ပြင်ဦးလွင် မေ ၂၅

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဦးစွာ ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည် ဖော်ရေး ကော်မတီဥက္ကဋ္ဌ ဦးရဲထူးက အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည် ဖော်ရေး ကော်မတီအတွင်းရေးမှူး ဦးမြင့်ဇော်ထွန်းက ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် အကောင်အထည်ဖော်မှု အခြေအနေ၊ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ခရိုင်စီမံကိန်း ရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌက စီမံကိန်း တာဝန်များ ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်မှ ၂၀ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၄၁ ဒသမ ၅၅၇၄ တန်၊ သစ်မာ ၁၃ ဒသမ ၈၄၇၄ တန်၊ အခြား ၁၄၀ ဒသမ ၆၈၈၆ တန် (စုစုပေါင်း ၁၉၆ ဒသမ ၀၉၃၄ တန်)၊ ယာဉ်/ ယန္တရား ၁၉ စီး၊ ပစ်မှုကျူးလွန်သူ ၂၉ ဦး ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ သစ်တောဦးစီးဌာနမှ သိရသည်။



**သတင်းစဉ်**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ ရွှေမုဋ္ဌောစေတီတော်ကြီး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Sky Villa ၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများ စစ်ကိုင်းမြို့ အထက(၂) နှင့် မဟာနက်ဝိုင်ဖိုင်ရုံးအတွင်းမှ ငွေကျပ်သိန်း ၁၀၀ နှင့် လက်ကိုင်ဖုန်းငါးလုံးကို စနစ်တကျ လွှဲပြောင်းပေးအပ်စဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ဥမင်သုံးဆယ်စေတီများ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများ၊ အရန်စေတီများအား ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများ သောက်သုံးရေအဆင်ပြေစေရန်အတွက် တပ်မတော်ရေသန့်စက်ရုံတို့မှ ရေဝတီမြစ်ရေကို သန့်စင်၍ သောက်သုံးရေဖြန့်ဝေပေးနေမှုများကို လည်းကောင်း၊ သောတပန်ရပ်ကွက် သံပုဏ္ဏာရာမ ကျောင်းတိုက် ကျောင်းပုရိဝုဏ်အတွင်း ငလျင်ဒဏ်သင့် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ပြည်သူများအတွက် တပ်မတော်နယ်လှည့်ဆေးကုသရေး အဖွဲ့မှ လိုအပ်သည့် ဆေးကုသပေးနေမှုများကိုလည်းကောင်း၊ ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော လူနေအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုများကို လည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမ၌ ငလျင်ဒဏ်သင့် ကယ်ဆယ်ရေးပစ္စည်းများ လက်ခံ/ ထုတ်ပေးရေးဌာနမှ ကယ်ဆယ်ရေးပစ္စည်းကိုလည်းကောင်း၊ တကောင်းရပ်ကွက်၊ စကုမှော်ငလျင်ဒဏ်သင့် ပြည်သူများ စောင့်ရှောက်ရေးစခန်းရှိ ငလျင်ဘေးသင့် ပြည်သူများ နေထိုင်စားသောက်မှုအခြေအနေများကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့၌ ပြိုကျပျက်စီးနေမှုများကို ဖယ်ရှားရှင်းလင်းနေမှုနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော မဟာနက်ဝိုင်ဖိုင်ရုံး အဆောက်အအုံများ ဖယ်ရှား ရှင်းလင်းနေမှုများကို ကြည့်ရှုစဉ် အဆောက်အအုံအတွင်းမှ ငွေကျပ်သိန်း ၁၀၀ နှင့် လက်ကိုင်ဖုန်းငါးလုံးကို တွေ့ရှိခဲ့သဖြင့် တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ဘုရားနီဆုတောင်းပြည့်ဘုရား၌ ပြိုကျပျက်စီးခဲ့သည့်အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

အလားတူ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်တို့သည် ကျောက်ဆည်မြို့ စုကြီးရပ်ကွက် ရွှေမုဋ္ဌောဘုရားဓမ္မာရုံ၌ ကျင်းပသော ကျောက်သေတ္တာကြီးအား ပြန်လည်မွမ်းမံပြင်ဆင်မည့်လုပ်ငန်း အခြေအနေများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်တို့သည် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ဒေါက်တာ ယုမောင်နှင့်အဖွဲ့များ၊ တာဝန်ရှိသူများနှင့်အတူ ကျောက်သေတ္တာကြီး မူလအခြေအနေမှ တိမ်းစောင်းသွားမှုအခြေအနေများ၊ လက်ရှိတည်ရှိနေမှု အခြေအနေများကို ဒရုန်းဖြင့် ရိုက်ကူးထားသော Video Clip များ၊ မှတ်တမ်းဓာတ်ပုံများအား အသေးစိတ်ကြည့်ရှုစစ်ဆေးခြင်း၊ ဆက်လက် ဆောင်ရွက်ရမည့် နည်းလမ်းများ ဆွေးနွေးခြင်း၊ ကျောက်သေတ္တာကြီး တည်ရှိရာ ရွှေသာလျောင်းတောင်စောင်းပေါ်သို့တက်ရောက်၍ မြေပြင်အခြေအနေ အသေးစိတ်စစ်ဆေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ကြသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ရွှေသာလျောင်းဘုရားမုခ်ဦးဖြိုဖျက်နေမှု၊ ဈေးဆိုင်ခန်းများရှင်းလင်းနေမှု၊ လမ်းနှင့် မလွတ်ကင်းသော ထရန်စမော်မာအား နေရာပြောင်းရွှေ့ဆောင်ရွက်နေမှုများနှင့် ရွှေမုဋ္ဌောစေတီတော်ကြီး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ရေနားဘုန်းတော်ကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများအား သန့်ရှင်းရေးပြုလုပ်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ကာရေနားကျောင်းဆရာတော်အား အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက် တံစိုးလမ်းပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံအား ယန္တရားစက်ဖြင့် ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၁၆၅၄ လုံးအား စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့်အဆောက်အအုံ ၁၄၁၉ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၂၃၅ လုံးမှ အဆောက်အအုံ ၁၆၇ လုံးကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး **စာမျက်နှာ ၁၇ သို့** ❐

# လွိုင်ကော်မြို့ အဆင့်မြင့်သီရိမင်္ဂလာဈေးသစ်ကြီး ဖွင့်ပွဲအခမ်းအနား ကျင်းပ




**လွိုင်ကော် မေ ၂၅**

လွိုင်ကော်မြို့ ကျက်သရေဆောင် အဆင့်မြင့် သီရိမင်္ဂလာဈေးသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ လောဝမ္မရပ်ကွက် သီရိမင်္ဂလာဈေးသစ်ရှေ့၌ ကျင်းပသည်။

ဈေးသစ်ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးအား မြို့တော်အင်္ဂါရပ်နှင့်အညီ "အဆင့်မြင့် သီရိမင်္ဂလာဈေးသစ်ကြီး"အဖြစ် ယနေ့တွင် ဖွင့်လှစ်နိုင်ခြင်းကြောင့် ပြည်နယ်သူပြည်နယ်သားများ အားလုံးအတွက် မင်္ဂလာရှိသောနေ့တစ်နေ့ဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ဈေးဆိုင်ခန်းပေါင်း ၉၄၈ ခန်း မီးလောင်ပျက်စီးခဲ့ကြောင်း၊ ပြည်သူများ ရောင်းဝယ်ဖောက်ကားမှုများ ပိုမိုချောမွေ့အဆင်ပြေစေရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အဆင့်မြင့် သီရိမင်္ဂလာဈေးသစ်ကြီးကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ယနေ့ပထမအဆင့်ပြီးစီးမှုအဖြစ် ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း၊ ဈေးသူဈေးသားများအနေဖြင့် မိမိတို့၏ အဆင့်မြင့်ဈေးသစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပြီး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို အလေးထားလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဈေးသစ်အား ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ် စီးပွားရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အဆင့်မြင့် သီရိမင်္ဂလာဈေးသစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဈေးသစ်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဈေးသစ်အတွင်း၌ ဈေးဆိုင်ခန်းများ စတင်ပြင်ဆင်ဖွင့်လှစ်ရောင်းချ ရောင်းဝယ်ဖောက်ကားနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ ပထမအဆင့်အနေဖြင့် ဈေးဆိုင်ခန်း ၄၃၆ ခန်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဈေးဆိုင်ခန်းများကို ဆက်လက် တည်ဆောက်ပေးသွားမည်ဖြစ်သည်။ အဆင့်မြင့်ဈေးသစ်အတွင်း ကတ္တရာကွန်ကရစ်လမ်းများ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးများ၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ၊ ဈေးလာပြည်သူများအတွက် စနစ်တကျ ရပ်နားနိုင်ရန် ယာဉ်ရပ်နားကွင်းများနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စံချိန်စံညွှန်းမီ မီးငြိမ်းသတ်စနစ်များ ထားရှိပေးထားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး မေ ၂၅**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ မေ ၂၄ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။




ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေး ငလျင်ကြီးကြောင့် တိုင်းဒေသကြီးအတွင်း သေဆုံး၊ ဒဏ်ရာရ၊ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ပြီး အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပံ့ပိုးမှုများရှိခဲ့သလို တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ထပ်မံပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ အခြေခံပညာ ကျောင်းများအား ကျောင်းဖွင့်ရာသီအမီ ယာယီစာသင်ဆောင်များ တည်ဆောက်ပြီးစီးရန် လိုအပ်ကြောင်း၊ မြေငလျင်ကြောင့် ထိခိုက်ခဲ့သည့် ဆည်/တမံများအား မိုးရာသီအမီ သတ်မှတ်ရေပမာဏ သိုလှောင်နိုင်ရေးနှင့် လာမည့်နွေစပါးစိုက်ရာသီအတွက် စိုက်ပျိုးဧကလျော့နည်းမှုမဖြစ်စေရေးအတွက် အမြန်ဆုံး ပြင်ဆင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြေငလျင်ဒဏ် ခံစားခဲ့ရသည့် တောင်ငူခရိုင်၊ ညောင်လေးပင်နှင့် ပြည်ခရိုင်တို့မှ ခရိုင်အုပ်ချုပ်ရေးမှူးများက လူသေဆုံးခဲ့မှု၊ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ထိခိုက်ခဲ့မှု၊ ဒဏ်ရာရရှိမှု၊ ဌာနဆိုင်ရာ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

**လမ်းညွှန်မှာကြား**

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ အဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးနှင့် ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်ခဲ့မှုနှင့် ထိခိုက်ပျက်စီးခဲ့မှုအပေါ် အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ရေး စီမံဆောင်ရွက်နေမှု အခြေအနေများနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ငလျင်ဘေးဒဏ်သင့်ဒေသများနှင့် ပတ်သက်၍ မူလအခြေအနေသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိစေရေး လုပ်ငန်းစဉ်များအား ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းစဉ်တစ်ခုချင်းအလိုက် ဆောင်ရွက်ရမည့် နည်းလမ်းများကို အသေးစိတ် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးလုံခြုံရေး အသိပညာပေးဆောင်ရွက်

**လေးမျက်နှာ မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးလုံခြုံရေး အသိပညာပေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ သာသနိကအဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်း၊ ဘာသာရေးအဆောက်အအုံများသို့ သွားရောက်ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လေးမျက်နှာမြို့နယ် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးရဲနောင်ဝင်းနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် လိုအပ်သည့် စစ်ဆေးမှုများကို ဆောင်ရွက်ခြင်း၊ မီးဘေးကာကွယ်တားဆီးနိုင်ရေးအတွက် လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့် အချက်များကို အသိပညာပေးမှာကြားခြင်းတို့ ဆောင်ရွက်ပြီး ကျောင်းအတွင်း၌ လျှပ်စစ်သွယ်တန်းသုံးစွဲမှု အခြေအနေများ၊ မီးသုံးစွဲမှုအခြေအနေများ၊ မီးဘေးတားဆီးကာကွယ်ရေး ပစ္စည်းများ ထားသိုသုံးစွဲမှုအခြေအနေများ စစ်ဆေးကာ လိုအပ်သည်များကို လိုက်နာဆောင်ရွက်ရန် အသိပညာပေးလျှောက်ထားခဲ့ကြောင်း သိရသည်။

**ရောဦးသာ**



# ပန်းတနော်မြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေးဆောင်ရွက်




**ပန်းတနော် မေ ၂၅**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့ကွက်သစ်ရပ်ကွက် ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ MYAT MINGALAR စက်သုံးဆီအရောင်းဆိုင်တွင် မီးဘေးလုံခြုံရေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြခြင်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦးက စက်သုံးဆီဆိုင်ရှိ ဝန်ထမ်းများအား မီးလောင်မှုဖြစ်ပွားလာပါက လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးနှင့် အနီးပတ်ဝန်းကျင်ကို မီးကူးစက်ခြင်းမရှိစေရေးအတွက် အအေးပေးစနစ်ဖြင့် အပူချိန်လျှော့ချခြင်း၊ EV ကား မီးလောင်မှု၊ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက်(FSC)အကြောင်း စသည်ဖြင့် မီးဘေးလုံခြုံရေးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောသည်။

**လက်ကမ်းစာစောင်များ ဖြန့်ဝေ**

ဆက်လက်ပြီး မြို့နယ်မီးသတ်စခန်းမှူး ဦးဇေဇေအောင်က မီးသတ်ဆေးဘူး အမျိုးအစားများ အသုံးပြုနည်းများကို ရှင်းလင်းပြသပြီး DCP မီးသတ်ဆေးဘူး အသုံးပြု ၍ လက်တွေ့မီးငြိမ်းသတ်ခြင်း၊ Foam ဆေးရည်အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ယာဉ်များဖြင့် ရေဖျန်းပက်ခြင်းများ ဆောင်ရွက်ခဲ့ကာ မီးဘေးသတိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**မိုးဟိန်းထက်**

# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၅**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)မှ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)မှ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

**လေ့ကျင့်သင်ကြား**

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် အခြေခံစစ်ရေးပြ၊ တပ်မတော်(ရေ) သမိုင်းဘာသာရပ်နှင့် ရေကြောင်းလမ်းညွှန်ဘာသာရပ်တွင်ပါဝင်သည့် GPS သင်ခန်းစာ၊ နက္ခတ္တဗေဒသင်ခန်းစာ၊ ညွှန်းထောင့်နှင့် Compass သင်ခန်းစာများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်း တန်းခွဲ(၁)ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၉၅ ဦး၊ နေပြည်တော်စခန်းတန်းခွဲ(၂) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၀၀၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၁၀၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၃၀၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၅ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၀၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၄၀ နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး တပ်မတော်(ရေ) ရေကြောင်း လူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၀၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)မှ အခြေခံလေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်း သင်တန်းသား ၈၀၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းမှ သင်တန်းသား ၅၀ နှင့် မိတ္ထီလာသင်တန်းစခန်းမှ သင်တန်းသား ၄၈ ဦး၊ မှော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်းမှ သင်တန်းသား ၆၁ ဦး၊ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦး၊ မကွေးမြို့ရှိမကွေးသင်တန်းစခန်းမှ သင်တန်းသား ၅၀၊ နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦး၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းမှ သင်တန်းသား ၅၆ ဦးတို့ကို အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်းဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေးဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ် မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်း ဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်းစခန်းအသီးသီး၌လည်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**










# ပွင့်ဖြူမြို့နယ်၌ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ရေသွင်းနှမ်းစိုက်ပျိုးတောင်သူများကို မြေဩဇာအိတ်နှင့် သဘာဝရွက်ဖျန်းအားဆေးများ ထောက်ပံ့



**ပွင့်ဖြူ ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ အရည်အသွေးမြင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်တောင်သူအကျိုးဆောင်အသင်း (FFA)မှဦးဆောင်၍ နန်းထက်မြန်မာကုမ္ပဏီနှင့် ပူးပေါင်းပြီး ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကျိုးတူပူးပေါင်းစိုက်ပျိုးမည့် ဒေသခံတောင်သူများကို ယမန်နေ့က ဇီဝမြေဩဇာအိတ်များနှင့် သဘာဝရွက်ဖျန်းအားဆေးများ သွားရောက်ထောက်ပံ့ပေးအပ်သည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း အရည်အသွေးမြင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်နိုင်ဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့ ရည်ရွယ်ပြီးတော့ ကန်ထရိုက် လယ်ယာစနစ်နဲ့ ရေသွင်းနှမ်း ဧက ၃၀၀ စိုက်ပျိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကန်ထရိုက် လယ်ယာစနစ်နဲ့ ရေသွင်းနှမ်း စိုက်ပျိုးမယ့် တောင်သူဦးရေ ၁၂၀ ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း(FFA)ဥက္ကဋ္ဌ ဦးမြင့်အောင်က ပြောသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း (FFA)က မြို့နယ်အတွင်း သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေရေး၊ အရည်အသွေးမြင့်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ထွက်ရှိလာသော သီးနှံများတွင် ထုတ်လုပ်သူရော စားသုံးသူပါ အစားအစာ ဘေးကင်းလုံခြုံရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး စသည့် တောင်သူအကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ထို့အပြင် စိုက်ပျိုးရေး ကုမ္ပဏီများနှင့် ချိတ်ဆက်၍ ဒေသတွင်းရှိ တောင်သူများကို သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိစေရန် ကန်ထရိုက်လယ်ယာစနစ်ဖြင့် သီးနှံများစိုက်ပျိုးခြင်း၊ စိုက်ပျိုးသီးနှံများပေါ်ချိန်တွင် တောင်သူများအတွက် သင့်တင့်မျှတသော သီးနှံဈေးနှုန်းများ ရရှိစေရေးအတွက် တောင်သူစုပေါင်းသီးနှံရောင်းချပွဲများ စီစဉ်ကျင်းပဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ပေါ်ရှိ ယာယီနေရပ်စွန့်ခွာစခန်းများအား သွားရောက်ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၂၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဧည့ဝတီရပ်ကွက် ဓမ္မာရာမပရိယတ္တိစာသင်တိုက်သို့သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ နဝကမ္မအလှူငွေများလှူဒါန်းသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းတိုက်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများနေထိုင်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် နေရပ်ဒေသကိုစွန့်ခွာပြီး ယာယီနေထိုင်ကြသော ပြည်သူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် လိုအပ်သည်များကို ကူညီထောက်ပံ့ပေးလျက်ရှိမှု၊ နိုင်ငံတော်က ယာယီနေရပ်စွန့်ခွာ ပြည်သူတစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိမှု၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆန်ရိက္ခာနှင့် စားသုံးဆီများ ထောက်ပံ့ပေးလျက်ရှိမှုနှင့် ပြည်သူများအနေဖြင့် ဆရာတော်ကြီး၏ အရိပ်အာဝါသအောက်တွင် နေထိုင်စဉ်ကာလအတွင်း ကျောင်းတိုက်သန့်ရှင်းသာယာရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ စနစ်တကျ ချက်ပြုတ်စားသောက်နေထိုင်ကြရန်၊ ကျန်းမာရေးကို အထူးဂရုပြုနေထိုင်ကြရန် တို့ကိုမှာကြားပြီး ယာယီနေရပ်စွန့်ခွာပြည်သူများ နေထိုင်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းတိုက်အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သောအဆောင်များ ဆောက်လုပ်ပေးနိုင်ရေးနှင့် ပြုပြင်ရန် လိုအပ်သည်များ အချိန်မီပြုလုပ်နိုင်ရေး တာဝန်ရှိသူများကိုမှာကြားပြီး ကလေးငယ်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနရုံးသို့သွားရောက်ပြီး ရုံးအတွင်း၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိကာ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသော ရခိုင်ပြည်နယ်တရားလွှတ်တော် အဆောက်အအုံ ဆောက်လုပ်ရန် မြေနေရာကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ချင်းပြည်နယ်၏ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ဟားခါး မေ ၂၅**

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၂၄ ရက် မွန်းလွဲပိုင်းက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဦးစွာ ချင်းပြည်နယ်စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ချင်းပြည်နယ်၏ ဂျီဒီပီတိုးတက်မှုကို ပုံမှန်ဈေးနှုန်းများအရ သုည ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားကြောင်း၊ ယင်းစီမံကိန်းရည်မှန်းချက်ပြည့်မီကျော်လွန်နိုင်စေရေးအတွက် ယခုကဲ့သို့ အခမ်းအနားဖြင့် တာဝန်ပေးအပ်ခြင်း ဖြစ်ကြောင်း၊ ယခုနှစ်တွင် ပြည်သူကို တိုက်ရိုက်အကျိုးရှိစေမည့် မြို့ပြလမ်း၊ ပြည်ထောင်စုလမ်းနှင့် ပြည်နယ်လမ်းများဆောင်ရွက်ရန် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ၏ ၇၅ ဒသမ ၀၉ ရာခိုင်နှုန်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် ၁၀ ဒသမ ၄၅ ရာခိုင်နှုန်းနှင့် မြို့ပြနှင့် ကျေးလက်မီးရရှိရေးလုပ်ငန်းအတွက် ၅ ဒသမ ၄၁ ရာခိုင်နှုန်း လျာထားပါကြောင်း၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်ရေးကို ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင် ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စနစ်တကျ စီမံချက်များရေးဆွဲပြီး တွန်းအားပေးဆောင်ရွက်ကြရမည် ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူး ပြည်နယ်စီမံကိန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကဏ္ဍအလိုက် ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်များကို ခွဲဝေပေးအပ်ရာ ပြည်နယ် ဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က လက်ခံရယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

**ဆရာကြည်**

(၁၃-၃-၂၀၂၅ ရက်နေ့မှအဆက်)

ဘုရားရှင်က ဆင်ခြင်ကြည့်သောအခါ ဂရဟဒိန္နသည် ငါဘုရားအား မီးကျီးတွင်းထဲသို့ကျအောင် ဖန်တီးမည်။ ငါဘုရားခြေဆန့်လိုက်လျှင် မီးကျီးတွင်းထဲမှ ပဒုမ္မာကြာပွင့်ကြီး ထွက်ပေါ်လာလတ္တံ့။ ငါဘုရား တရားဟောကြားလိုက်လျှင် ၎င်းသူဌေးနှစ်ဦး သောတာပန်ဖြစ်လတ္တံ့ဟု မြင်တော်မူ၍ ဂရဟဒိန္န၏ ဆွမ်းပင့်ဖိတ်ခြင်းကို လက်ခံလိုက်လေသည်။ သီရိဂုတ္တသူဌေးသည် သူငယ်ချင်း ဂရဟဒိန္န ဘုရားရှင်အား ဆွမ်းဖိတ်ပြီးဖြစ်ကြောင်း၊ မနက်ဖြန် သူ့အိမ်သို့ ကြွလာမည်ဖြစ်ကြောင်း ပြောဆိုလိုက်လေသည်။

ဤသို့သူငယ်ချင်းထံမှ စကားသံကိုကြားရလျှင် ဂရဟဒိန္နသည် အိမ်ရှေ့၌ တစ်ညလုံး မီးကျီးတွင်းကိုပြု၍ တွင်းပေါ်တွင်နင်းလိုက်လျှင် ကျိုးသွားမည့် ဆွေးမြည့်နေသည့် ပျဉ်ချပ်တို့ဖြင့် ခင်းထားလေသည်။ ၎င်းအပေါ်မှ ဖျာဖြင့် ဖုံးအုပ်ထားလေသည်။ အိမ်နောက်ဖေး၌ ဗလာအိုးကြီး၊ အိုးငယ်တို့ကို ယာဂုဆွမ်းပြည့်ဟန်ပြုထားလေသည်။

ဘုရားရှင်နှင့် ရဟန်းငါးရာတို့သည် နံနက်သို့ရောက်သောအခါ ဂရဟဒိန္နအိမ်သို့ ကြွလာလေသည်။ ၎င်းကလည်း ဘုရားရှင်နှင့် ရဟန်းတို့အား ခရီးဦးကြိုပြုရှိခိုးလေသည်။ ထို့နောက် ဂရဟဒိန္နသည် "သူပြုထားသည့် မီးကျီးတွင်းပေါ် ခင်းထားသည့်နေရာသို့ကြွပါ။ ရဟန်းတစ်ပါးစီလည်း ဤနေရာသို့ကြွပြီး ထိုင်ရန် လျှောက်ထားသည်။ ယင်းကို သူတို့ထုံးစံ"ဟု ပြောလေသည်။ ဘုရားရှင်သည် တစ်ပါးတည်း ရှေ့မှကြွသွားလေသည်။ မီးကျီးတွင်းထဲမှ လှည်းဘီးမျှကြီးမားသော ပဒုမ္မာကြာပွင့်သည် ဘုရားရှင် ခြေဆန့်လိုက်သည့်အခါတိုင်း ထွက်ပေါ်လာသည်။ ထိုထွက်ပေါ်လာသော ကြာပွင့်၏ အလယ်တည့်တည့်ပေါ်သို့နင်းပြီး ဘုရားရှင်အတွက် ခင်းထားသောနေရာတွင် ထိုင်တော်မူသည်။ ရဟန်းများကလည်း ထို့အတူကြွသွား၍ ထိုင်တော်မူလေသည်။



ဤအဖြစ်ကို တွေ့ရသော ပရဟဒိန္နသူဌေးကြီးသည် သူကလဲ့စားချေရန် ကြံစည်ပြုလုပ်ထားသည့် မီးကျီးတွင်းမှ ပဒုမ္မာကြာကြီးပွင့်လာပြီး ဘုရားရှင်နှင့် ရဟန်းတို့ထိုင်သည်ကိုမြင်ရသော် ဗျာပါရဖြစ်ရကြောင်း သူငယ်ချင်း သီရိဂုတ္တအား ပြောပြလေသည်။ အိမ်နောက်ဖေး၌ရှိသော အိုးကြီး၊ အိုးငယ်တို့တွင် ဘာမျှမရှိ ယာဂုမလုပ်ထားကြောင်းနှင့် သူ့အား ကယ်ပါဦးဟု ပြောသည်။ သူစီစဉ်ထားသော နောက်ဖေးအိုးအချို့သည် ယာဂုအပြည့်၊ အချို့အိုးသည် ဆွမ်းအပြည့်နှင့် အချို့ဟင်းများပြည့်နေသည်ကို မြင်တွေ့ရလေသည်။

ဤသို့ဖြစ်ပေါ်လာသည်ကို မြင်တွေ့ရသော ဂရဟဒိန္နသူဌေးသည် နှစ်သက်ပီတိဖြစ်လျက် စိတ်သည် အလွန်ကြည်လင်လာလေသည်။ ၎င်းသည် ဘုရားအမှူးရှိသော ရဟန်းတို့အား ဆွမ်းဖြင့် ဆက်ကပ်လှူဒါန်းလေသည်။

ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသောအခါ အနုမောဒနာတရားကို ဟောကြားရာတွင် "သတ္တဝါတို့သည် ပညာမျက်စိမရှိခြင်းကြောင့် ရတနာသုံးပါးဖြစ်သော ဘုရား တရား သံဃာတို့၏ ဂုဏ်ကျေးဇူးကို မသိကြကုန်။ ပညာမရှိသောသူတို့သည် အကန်းနှင့်တူသည်" ဟု မိန့်တော်မူလေသည်။ "လှပတင့်တယ် မွှေးကြိုင်သော ပဒုမ္မာကြာပန်းတို့သည် လမ်းပေါ်၌ အမှိုက်စွန့်ရာအရပ်တို့တွင် ပေါက်ရောက်သကဲ့သို့ ဗုဒ္ဓသာဝကတို့သည် အမှိုက်ပုံနှင့်တူကုန်သော ပညာမျက်စိမရှိ၊ ကန်းသော ပုထုဇဉ်လူမိုက်တို့အလယ်၌ ပညာဖြင့် ထွန်းလင်းတောက်ပကုန်၏" ဟူ၍ နှစ်ဂါထာဖြင့် ဟောကြားတော်မူသည်။ သူဌေးနှစ်ဦးဖြစ်သော သီရိဂုတ္တနှင့် ဂရဟဒိန္နတို့သည် ဘုရားရှင် ဟောကြားသောတရားကို နာကြားပြီး သောတာပန်ဖြစ်ကုန်သည်။ သူတို့၏ ပစ္စည်းများကိုလည်း ဘုရားသာသနာတော်၌ စွန့်ကြဲလှူဒါန်းကြကုန်သည်။

## စိတ္တသူကြွယ်သည် ဘုရားထံသို့လာရောက်ဖူးမြော်ခြင်း

"မစ္ဆိကာသဏ္ဍ"မြို့သည် သာဝတ္ထိပြည်မှ ယူဇနာသုံးဆယ်ဝေးသည်။ ထိုမြို့၌ စိတ္တအမည်ရှိ သူကြွယ်တစ်ဦးရှိသည်။ ပဉ္စဝဂ္ဂီငါးဦးတွင် တစ်ပါးအပါအဝင်ဖြစ်သော "မဟာနာမ" မထေရ်သည် မစ္ဆိကာသဏ္ဍမြို့တွင်းသို့ ဆွမ်းခံကြွလေသည်။ ထိုအခါ စိတ္တသူကြွယ်သည် ဤမထေရ်ကိုမြင်သောအခါ ကြည်ညိုမှုဖြစ်လေသည်။ ၎င်းမထေရ်၏ ဣရိယာပုတ်ကြည့်ရှုသောအခါ၌လည်း ကြည်ညိုလေသည်။ ထို့ကြောင့် စိတ္တသူကြွယ်သည် မထေရ်အား သူ့အိမ်သို့ ဆွမ်းပင့်ဖိတ်ကျွေးသည်။ တရားကိုလည်း နာကြားလေသည်။

ထို့နောက် စိတ္တသူကြွယ်သည် "အမ္ဗာဋက" မည်သော ဥယျာဉ်တွင် ကျောင်းဆောက်၍ ဤမထေရ်ကို ကိုးကွယ်၍နေလေသည်။ ဤသို့ ကျောင်း၌ သီတင်းသုံး၍ နေ့စဉ်မပြတ် ဆွမ်းကပ်သည်။ မထေရ်ကလည်း မဂ်ဖိုလ်ရကြောင်း ပါရမီရှိသည်ကို သိတော်မူ၍ အတွင်းအာယတန (၆) ပါး၊ အပြင်အာယတန (၆) ပါးတို့နှင့်စပ်သော (သဠာယတန ဝိဘတ္တိ) တရားတော်ကို မထေရ်က စိတ္တသူကြွယ်အား ဟောကြားလေသည်။ သူကြွယ်သည် ယင်းတရားတို့နာကြား၍ သောတာပန်ဖြစ်လေသည်။ နောင်သောအခါ ၎င်းဆောက်လုပ်လှူဒါန်းသောကျောင်းမှ မဟာနာမမထေရ်ဖယ်ခွာသွားသောအခါ "ဣသိဒတ္တ"မထေရ်ကြွလာသီတင်းသုံးပါသည်။ စိတ္တသူကြွယ်သည် ဤမထေရ်အား ထိုကျောင်း၌ပင် ကိုးကွယ်လုပ်ကျွေးလေသည်။ ၎င်းသည် တရားအပေါင်းတို့၌ စိတ်ပါဝင်စားအာရုံပြုများစွာ ရှိလေသည်။ ထို့ကြောင့် တရားနှင့်ပတ်သက်၍ ပြဿနာအရပ်ရပ်ကို ဤဣသိဒတ္တမထေရ်အား လျှောက်ထားမေးမြန်းသည်။ မထေရ်က ကောင်းစွာ ဖြေကြားသောအခါ စိတ္တသူကြွယ်သည် အလွန်ပင် နှစ်သက်ဝမ်းမြောက်လေသည်။

၎င်းဆောက်လုပ်လှူဒါန်းသော ကျောင်းမှ ဣသိဒတ္တမထေရ်သည် ဖယ်ခွာသွားပြန်လေသည်။ အခြားရဟန်းများ ရောက်လာကြကုန်သည်။ ဤသို့ ကျောင်းတော်သို့ ရောက်လာကုန်သော ရဟန်းများကို ဆွမ်းဘောဇဉ်တို့ဖြင့် ဆက်ကပ်လုပ်ကျွေးလေသည်။ ၎င်းရဟန်းများသည်လည်း ပြန်ကြွသွားရာ နောက်ဆုံး၌ သုဓမ္မမည်သော မထေရ် လာရောက်သီတင်းသုံးလေသည်။

တစ်နေ့သ၌ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် အဂ္ဂသာဝက နှစ်ပါးတို့သည် စိတ္တသူကြွယ်၏အကြောင်းကို ကြားသိရ၍ ချီးမြှောက်လိုသောကြောင့် ရဟန်းအပါးငါးရာစီ (စုစုပေါင်း တစ်ထောင်) ခြံရံလျက် ကြွလာလေသည်။ ထိုအကြောင်းကို ကြားသိသော စိတ္တသူကြွယ်သည် သွားရောက်ကြိုဆိုပင့်ဆောင်၍ နေရာထိုင်ခင်းများ စီစဉ်လေသည်။ ထို့နောက် တရားအနည်းငယ်နာလိုကြောင်းလည်း လျှောက်ထားလေသည်။ အရှင်သာရိပုတ္တရာက "ဒါယကာ ငါတို့ခရီးပန်းလာသဖြင့် တရားအနည်းငယ်မျှသာ ဟောကြားပေအံ့" ဟူ၍ စိတ္တသူကြွယ်နှင့် သင့်တော်သော ပရမတ္ထတရားကိုသာ ဟောကြားလေသည်။

> **ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသောအခါ အနုမောဒနာတရားကို ဟောကြားရာတွင် "သတ္တဝါတို့သည် ပညာမျက်စိမရှိခြင်းကြောင့် ရတနာသုံးပါးဖြစ်သော ဘုရား တရား သံဃာတို့၏ ဂုဏ်ကျေးဇူးကို မသိကြကုန်။ ပညာမရှိသောသူတို့သည် အကန်းနှင့်တူသည်" ဟု မိန့်တော်မူလေသည်။ "လှပတင့်တယ် မွှေးကြိုင်သော ပဒုမ္မာကြာပန်းတို့သည် လမ်းပေါ်၌ အမှိုက်စွန့်ရာအရပ်တို့တွင် ပေါက်ရောက်သကဲ့သို့ ဗုဒ္ဓသာဝကတို့သည် အမှိုက်ပုံနှင့်တူကုန်သော ပညာမျက်စိမရှိ၊ ကန်းသော ပုထုဇဉ်လူမိုက်တို့အလယ်၌ ပညာဖြင့် ထွန်းလင်းတောက်ပကုန်၏" ဟူ၍ နှစ်ဂါထာဖြင့် ဟောကြား**

သူကြွယ်သည် ယင်းတရားကို နာကြားပြီးသောအခါ အနာဂါမ်ဖြစ်လေသည်။ ထို့နောက် အဂ္ဂသာဝက နှစ်ပါးအား သူ့အိမ်သို့ မနက်ဖြန် နောက်ပါရဟန်းများနှင့် ဆွမ်းဘုဉ်းပေးရန် ပင့်လျှောက်ထားလေသည်။ ၎င်းသာဝက နှစ်ပါးကို ပင့်ဖိတ်ပြီးမှ ကျောင်းနေသုဓမ္မမထေရ်ကိုပါ ပင့်ဖိတ်လေသည်။

အရှင်သုဓမ္မမထေရ်သည် ကျောင်းနေရဟန်းဖြစ်ပါလျက် ငါ့အား နောက်မှဖိတ်ရမလားဟု အမျက်ဒေါသထွက်လေသည်။ ဣဿာ၊ မစ္ဆရိယစိတ်များ ပွားများလျက် "မကြွလို"ဟု ငြင်းဆိုလိုက်လေသည်။ နောက်တစ်နေ့နံနက်၌ သုဓမ္မမထေရ်ကို သူကြွယ်မြင်၍ အိမ်ထဲသို့ဝင် သီတင်းသုံးရန် လျှောက်သော် သုဓမ္မသည် "ငါမဝင်လို ဆွမ်းခံလှည့်လည်အံ့" ဆို၍ အမျက်ထွက်ပြီး သူကြွယ်ကို ဆဲသည်။ "သင့်ကျောင်း၌ ငါမနေလို" ဟုဆို၍ ဘုရားရှင်ထံသို့သွားကာ ယင်းအကြောင်းကို လျှောက်ထားလေသည်။

ဘုရားရှင်သည် ထိုရဟန်းအား "ချစ်သား သဒ္ဓါနှင့်ပြည့်စုံသူကို သင်စော်ကားဆဲဆိုသည်၊ သွားရောက်တောင်းပန်လေ" ဟု မိန့်တော်မူလေသည်။ မထေရ်သည် ဘုရားရှင်၏အမိန့်ဖြင့် စိတ္တသူကြွယ်ထံသို့သွား၍ သူပြုခဲ့သည့်ကိစ္စကို တောင်းပန်သည်။ သူကြွယ်က ခွင့်မလွှတ်ပေ။ သုံးကြိမ်တိုင်တိုင် တောင်းပန်သည်။ သို့သော်လည်း သူကြွယ်က ငြင်းပယ်လေသည်။ ထိုသို့ဖြစ်ခြင်းကြောင့် မျက်နှာမသာမယာဖြင့် ဘုရားရှင်ထံသို့ ပြန်လာလေသည်။

၎င်းမထေရ် မာနနှိမ့်ချပြီးဖြစ်သည်ကိုသိ၍ သူ့အား ရဟန်းတစ်ပါးအရံပေး၍ အတူသွား တောင်းပန်လေ့ဟု ဘုရားက စေလွှတ်ပြန်သည်။ ထို့အပြင် ဘုရားရှင်က ၎င်းရဟန်းအား "ချစ်သား ရဟန်းမည်သည် ငါ့ကျောင်း၊ ငါ့နေရာအရပ်၊ ငါ့ဒါယကာဟူ၍ မာန်ထောင်လွှားခြင်း၊ ငြူစူခြင်း မပြုအပ်။ ဤသို့ပြုသူရဟန်းသည် ကိလေသာများ တိုးပွားကုန်၏"ဟု ဆုံးမဟောကြားလေသည်။ ၎င်းရဟန်းသည် ဘုရားရှင်၏တရားကို ကြားနာပြီးသောအခါ အလိုရမ္မက်၊ မာန်မာနကင်းစင်လျက် ဘုရားရှင် မိန့်တော်မူသည့်အတိုင်း ရဟန်းတစ်ပါးကို သူနှင့်အတူခေါ်၍ စိတ္တသူကြွယ်အား တောင်းပန်လေသည်။

သူကြွယ်ကလည်း ၎င်းတောင်းပန်ချက်ကြောင့် ခွင့်လွှတ်၍ ဤကျောင်း၌ပင်နေရန်၊ ကိုယ်တော်ကို လက်ခံတော်မူပါမည်ဟု လျှောက်ထားလေသည်။ ထိုအခါ မထေရ်လည်း လက်ခံတော်မူ၍ ဘုရားရှင်၏ အဆုံးအမကို ခံယူတော်မူပြီး ဝိပဿနာတရားအားထုတ်သော် နှစ်ရက်၊ သုံးရက်နှင့် ရဟန္တာဖြစ်သွားလေသည်။

စိတ္တသူကြွယ်သည် "ငါသည် ဘုရားရှင်၏ တပည့်များနှင့်နေ၍ တရားနာကြားပြီး အနာဂါမ် ဖြစ်ခဲ့ရလေသည်။ ဘုရားရှင်ကို မဖူးမြင်ရသေး၍ သွားရောက်ဖူးမြော်အံ့"ဟုဆိုပြီး စားသောက်ဖွယ် လှူဖွယ်ပစ္စည်းများဖြင့် အပြည့်ရှိသော လှည်းငါးရာနှင့်တကွ ပရိသတ်သုံးထောင်ခြံရံလျက် ယူဇနာသုံးဆယ်ဝေးသော သာဝတ္ထိပြည်သို့ တစ်ရက်တစ်ယူဇနာဖြင့် သွားလေသည်။ ပရိသတ်သုံးထောင်ကိုလည်း သူ့ပစ္စည်းများဖြင့် ကျွေးမွေးရသည်မရှိ။ နတ်တို့က ပူဇော်သောပစ္စည်းများကိုသာ သုံးဆောင်၍ တစ်လကြာသောအခါ သာဝတ္ထိပြည်သို့ရောက်လေသည်။ စိတ္တသူကြွယ် မရောက်မီကပင် ဘုရားရှင်က အာနန္ဒာအား "ချစ်သား အာနန္ဒာ ယနေ့ညနေ စိတ္တသူကြွယ်သည် လှည်းငါးရာဖြင့် ရောက်လာလတ္တံ့။ သူသည် ဘုန်းကံကြီးမားသူဖြစ်၍ ငါဘုရားကို ဖူးမြော်ခဏ၌ပင် ဒူးအထိ ပန်းမိုးကြီးရွာအံ့" ဟု မိန့်တော်မူသည်။

စိတ္တသူကြွယ်သည် ဇေတဝန်ကျောင်းအနီးသို့ ရောက်သောအခါ ဥပါသိကာတို့အား နောက်မှ လိုက်ပါရန်ပြောပြီး ဥပါသကာ ၅၀၀ ခြံရံလျက် ဘုရားရှင်ထံသို့ ဝင်ရောက်ကာ ဦးချရှိခိုးသည်။ ယင်းခဏ၌ပင် ပန်းမိုးကြီး ဒူးအထိရွာချလေသည်။ ဘုရားရှင်သည် စိတ္တသူကြွယ်နှင့် သင့်လျော်သည့် "သမ္ဗာယတနသံယုတ်" တရားတော်ကို ဟောကြားလေသည်။ (ဆက်လက်ဖော်ပြပါမည်)

# ၂၀၂၅ ခုနှစ် ဧပြီလအတွင်း (၁-၄-၂၀၂၅ ရက်နေ့မှ ၁၅-၄-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထု အရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td rowspan="2">၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td>၁</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td rowspan="4">၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td>၂</td><td>International Business Center (IBC)၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td rowspan="6">၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>အမရပူရမြို့နယ်</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အောင်မြေသာစံမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ပုသိမ်ကြီးမြို့နယ်</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="2"></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၇</td><td>မိတ္ထီလာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="3">၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="2">၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td rowspan="2">၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="2">၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td rowspan="2">၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="3">၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td>၁</td><td>ဘားအံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td>မြဝတီမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td colspan="2">ခံနိုင်ရည် နည်းပါးသူများသာ ထိခိုက်နိုင်</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td rowspan="4">၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td>မုဒုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="5">၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td>၂</td><td>ကျိုင်းတုံမြို့</td><td>ခံနိုင်ရည် နည်းပါးသူများသာ ထိခိုက်နိုင်</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td>၃</td><td>တာချီလိတ်မြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင် သောအဆင့်</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>လက်ခံနိုင်သော</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**မုံရွာ ဧပြီ ၂၅**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အသင်းအုပ်ချုပ်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး အသင်းအုပ်ချုပ်သူများထံ လေ့ကျင့်ရေးဘောလုံးများ ပေးအပ်ကြသည်။

ဆက်လက်၍ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း(အလုံ)မှ ဘင်ခရာ/ ပန်းဖွားအဖွဲ့များက တီးမှုတ်ကပြဖျော်ဖြေကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် မုံရွာမြို့ပေါ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများက Fitness Dance ကပြဖျော်ဖြေကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တီးမှုတ်ကပြဖျော်ဖြေခဲ့ကြသည့် ဘင်ခရာ/ပန်းဖွားအဖွဲ့၊ Fitness Dance အဖွဲ့နှင့် အလံကိုင်/ဆိုင်းဘုတ်ကိုင်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက ဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် မုံရွာခရိုင်ဘောလုံးအသင်းနှင့် ကလေးခရိုင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ မုံရွာခရိုင်အသင်းက ကလေးခရိုင်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲအား ဧပြီ ၂၅ ရက်မှ မေ ၁၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၃ ခရိုင်မှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း၊ အသင်းအုပ်ချုပ်သူနှင့် ပြိုင်ပွဲဝင်အားကစားသမား ၂၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ထားဝယ် ဧပြီ ၂၅**

တနင်္သာရီ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ(၄/၂၀၂၅) ကြိမ်မြောက်နှင့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ (၄/၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အစည်းအဝေးတွင် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီနှင့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက မြေများအား တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နေသူများထံ ချထားပေးနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ပုစွန်ကန် စုစုပေါင်း ၂၅၀၀ ခန့်ရှိပြီး ယခုနှစ်တွင်ကန် ၂၀၀ ခန့် ထပ်တိုးရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွက် အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်း အောင်မြင်လာပါက တိုင်းဒေသကြီးသို့ ရောက်ရှိလာမည့်သူများ အစားအသောက် ကိစ္စရပ်များ၊ ဒေသနှင့်ဆက်နွှယ်ပြီး ကုန်သွယ်ရေးလုပ်ငန်းများလည်း ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဒေသအတွင်း လုပ်ကိုင်ဆောင်ရွက်နေကြသော ပုလဲ၊ ပုစွန်၊ ငါးမွေးမြူရေးအပါအဝင် စိုက်ပျိုးရေးတွင်လည်း ရော်ဘာ၊ ဆီအုန်း စသဖြင့် လုပ်ငန်းများကို ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးက ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ကော်မတီ အဖွဲ့ဝင်များက ဖြည့်စွက်ရှင်းလင်း ဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ဘားအံ ဧပြီ ၂၅**

ကရင်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ၏ (၄/၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်၏မြို့တော် ဘားအံမြို့အား သန့်ရှင်းသာယာလှပသော Clean City၊ Green City ဖြစ်အောင် ဆောင်ရွက်လျက်ရှိပြီး ပန်းပေါင်းစုံ ဖူးပွင့်နိုင်စေရန် လာမည့်မိုးဦးရာသီတွင် သစ်ပင်စိုက်ပျိုးပွဲများဖြင့် နေရာလပ်မကျန် စိုက်ပျိုးသွားမည်ဖြစ်ရာ ခရီးစဉ်ဒေသများတွင်လည်း စိုက်ပျိုးကြစေလိုကြောင်း၊ ဟိုတယ်လုပ်ငန်းရှင်များအတွက် စက်သုံးဆီ ပြည့်ပြည့်ဝဝရရှိစေရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ခရီးစဉ်ဒေသများသည် တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ပြည်နယ်၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေး အဖွဲ့များသည် အဓိက အခြေခံကျသည့်အတွက် ခရီးစဉ်ဒေသများဆွဲဆောင်မှုရှိစေရန်နှင့် အကောင်းဆုံးဝန်ဆောင်မှုများပေးနိုင်ရန် စိတ်ပါဝင်စားစွာဖြင့် စီမံဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ တက်ရောက်လာသော ဟိုတယ်လုပ်ငန်းရှင်များက အမှိုက်သိမ်းစနစ်နှင့် ခရီးစဉ်ဒေသ သန့်ရှင်းသာယာလှပရေးဆိုင်ရာများ၊ လျှောင်ဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေပါဝင်လှူဒါန်းမှုနှင့် တည်းခိုနေထိုင်သွားလာရာတွင် ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဘားအံခရိုင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့များက ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပရေး၊ ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး စီမံဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဧပြီ ၂၅**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဧပြီ ၂၅**

စစ်ကိုင်း တိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၆- ၄- ၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ်(၁၇)တွင် အပြောမဟုတ်ဘဲ ထိထိရောက်ရောက် လက်တွေ့ကူညီတတ်သူသည်သာ မိတ်ဆွေစစ် သူငယ်ချင်းကောင်းဖြစ်ကြောင်း သရုပ်ဖော်ထားသည့် "မိတ်ဆွေစစ် သူငယ်ချင်းကောင်း" မျက်နှာဖုံးကာတွန်း၊ ကြောင်လေးများကို အိပ်ရာထဲတွင် အတူခေါ်သိပ်ခြင်းသည် ကျန်းမာရေးအတွက် ကောင်းကျိုးရောဆိုးကျိုးပါရှိနေကြောင်း ရေးသားထားသည့် " ကြောင်လေးတွေနဲ့ အိပ်ရာထဲမှာ အတူအိပ်သင့်သလား" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်မည့် ဉာဏ်စမ်းကဏ္ဍ၊ ကောက်ညှင်းဆီထမင်းကို ကိုယ်တိုင်ချက်ကြသော ကီးကီးနှင့် ဂျိုးဂျိုးအကြောင်း သရုပ်ဖော်ထားသည့် "ကီးကီး၊ ဂျိုးဂျိုးနဲ့ ကောက်ညှင်းဆီထမင်း" နှစ်မျက်နှာကာတွန်း၊ လူဆိုသည်မှာ ရုပ်အဆင်းလှပဖို့ထက် စိတ်ထားမွန်မြတ်သန့်စင်ဖို့က အရေးကြီးသည်ကို သန်းထွန်းအောင် နားလည်သဘောပေါက်သွားပုံအကြောင်း ဖတ်ရှုရမည့် "ရွှေပေါက်ခေါ်" ဝတ္ထုကဏ္ဍ၊ ညိုချောနှင့် သူ၏သူငယ်ချင်းတို့သည် သူတို့၏ အကျင့်အသီးသီးကို အချင်းချင်းပြောပြနေကြပုံအကြောင်း သရုပ်ဖော်ထားသည့် "ညိုချော" တစ်မျက်နှာကာတွန်း၊ ဂန်နီလီရာသည် တန်ဖိုးကိုယ်စီရှိသော စက္ကူပန်းနှင့် သဘာဝပန်းအစစ်တို့ကို မြတ်နိုးတန်ဖိုးထားကြောင်း ရေးဖွဲ့ထားသည့် "စက္ကူပန်း" ပုံပြင်ကဏ္ဍ၊ လျှပ်စစ်ဘေးအန္တရာယ်ကျရောက်ပါက လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ရှောင်ရှားသင့်သည့် အချက်များကို ထည့်သွင်းဖော်ပြထားသည့် အသိပေးနှိုးဆော်ချက်များ၊ အဘမုန်သည် သူ၏ မုဆိုးအလုပ်ကို အပြီးတိုင် စွန့်လွှတ်လိုက်ရသည့် အကြောင်းရင်းကို ရိုးရိုးလေးတို့အား ပြန်လည်ပြောပြပုံအကြောင်း သရုပ်ဖော်ထားသည့်"ရိုးရိုးလေး-တောမုဆိုးနဲ့ ကျွန်တော်" နှစ်မျက်နှာကာတွန်း၊ နာမည်နှင့်လိုက်အောင် ရိုးသားသော ထင်းခုတ်သမားလေး ရွှေရိုးသည် သူ၏ ရိုးသားမှုစေတနာ အကျိုးကျေးဇူးကို လက်တွေ့ခံစားရပုံအကြောင်း သရုပ်ဖော်ထားသည့် "ရိုးသားသော ရွှေရိုး" နှစ်မျက်နှာကာတွန်း၊ အီဒီယမ်များအပါအဝင် Two-word Verb ဟုခေါ်သော Phrasal Verb များ၏ အသုံးများနှင့် ပတ်သက်သည့် အင်္ဂလိပ်စကားပြောများကို လေ့လာမှတ်သားနိုင်မည့် ဆရာ KML ၏ "အခြေခံလိုအပ်သည့် အီဒီယမ်" အင်္ဂလိပ်စာကဏ္ဍ၊ ရွှေသွေးတို့လက်ရာကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၁-ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် (၇၇/၇၉/၈၁) ဟုခေါ်တွင်သော (၃)ခန်းတွဲ (၈)ထပ်ခွဲတိုက်၏ (မြေညီထပ်) (အခန်း-၂)၊ (တိုက်ကိုမျက်နှာမူလျှင်-အလယ်ခန်း)၊ အကျယ်အဝန်း(၁၅'၆"x၆၀')ပေ၊ အမြင့်(၁၈)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ရေမီးအစုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ယာ/အုံ) ဦးသိန်းမြင့်(ခ)ဦးမာမက်အီစွတ် အမည်ပေါက် ပိုင်ဆိုင်သောတိုက်ခန်းဖြစ်ပါသည်။ ၎င်းကွယ်လွန်သဖြင့် ဆက်ခံသူဇနီးဖြစ်သူ ဒေါ်ရာဘီယာက ပြုလုပ်ပေးအပ်ခဲ့သော (၂၃-၁၂-၂၀၂၁)ရက်စွဲပါ ကတိစာချုပ်အရနှင့်(၄-၉-၂၀၂၃)ရက်စွဲပါ မေတ္တာဖြင့် အပိုင်လွှဲပြောင်းပေးအပ်ခြင်း ကတိစာချုပ်တို့အရ ဒေါ်အေးသန္တာထွန်း [၁၂/ကတတ(နိုင်) ၀၂၇၃၈၈]နှင့် မောင်သိန်းထိုက်ထွန်း [၁၂/ပဘတ(နိုင်)၀၃၉၃၉၃]တို့မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုကြသည့် အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်ပိုင်စိုး [၁၂/မဂတ (နိုင်) ၁၀၄၁၇၉]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၁၄) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)**

| ဒေါ်နီနီဝင်း (LL.B) | ဒေါ်နှင်းဝေလွင် (LL.B) | ဦးထွန်းသူအောင် (LL.B) |
|---|---|---|
| (စဉ်-၅၁၇၁၈) | (စဉ်-၅၄၃၀၅) | (စဉ်- ၅၅၇၆၄) |

**အထက်တန်းရှေ့နေများ**
**အမှတ်- ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉- ၅၀၈၈၆၀၅၊ ၀၉- ၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၉)၊ မြေကွက်အမှတ်(၁၂၁)၊ မြေကွက်တည်နေရာအမှတ်-၁၂၁၊ ဗန္ဓုလလမ်း၊ (၂၉) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (ဦးသောင်းမြင့်) AA-၀၆၆၆၀၄ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၅၉/၂၀၂၄ ဖြင့် ဦးမျိုးကြည်၊ နော်ဥမ္မာအောင် (၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဦးလင်းထိုက်) မှ (တရားလို)ပြု၍ ဦးသောင်းမြင့်အပေါ် တရားပြိုင်ထားကာ "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ဖြင့် စွဲဆိုခဲ့ရာ တရားလိုတို့တောင်းဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၂၇-၅-၂၀၂၄) ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်-၄၈/၂၀၂၄ ၏ (၁၃-၆-၂၀၂၄) ရက်စွဲပါအမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံမြေရာဇဝင်ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၁၃-၆- ၂၀၂၄) ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လွဲ့လွဲ့ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉-ကံဘဲ့)၊ မြေကွက်အမှတ်-၁၈/မ-၂၊ ဧရိယာ (၀.၀၈၂)ဧကရှိ B လ/န-၃၉ ရပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၅၆၊ ဦးဘဟန်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်သော **ဒေါ်ခင်မေသွင် [၁၂/အစန(နိုင်)၁၀၉၁၉၈] နှင့် ဒေါ်အေးမိုထက် [၁၂/အစန(နိုင်)၁၀၉၂၁၀]**တို့ (၂)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၄၊ မြေကွက်အမှတ်-၉၁၊ အကျယ်အဝန်း (၄၀ ပေ x ၆၁ ပေ)၊ ဧရိယာ (၀.၀၅၆)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၉၁၊ ပျဉ်ကတိုးလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက်လွတ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မိုးသက်ခိုင် [၁၄/ဟသတ(နိုင်)၀၄၆၉၄၉] အမည်ပေါက်လျက်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ ရောင်းသူအမည်ပေါက်ပိုင်ရှင်မှ မိမိသာလျှင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချခွင့်ရှိသည့် အထက်ဖော်ပြပါမြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ထိန်စွန်းကျေးရွာ၊ ထိန်စွန်း(၇)လမ်းရှိ အလျား(၂၀)ပေxအနံ(၆၀)ပေရှိသော [ထိန်စွန်းလမ်းမမှ ထိန်စွန်း(၇)လမ်းသို့ဝင်လျှင် အစိုးရလမ်းမီးတိုင်(၇)တိုင်မြောက် မီးတိုင်နှင့်ကပ်လျက်မြေကွက်၊ လမ်းမီးတိုက်ဘက်ခြမ်း] မြေကွက်နှင့် လူနေထိုင်အသုံးပြုခွင့်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမိုးကျော်ဇော [၁၂/ကတတ(နိုင်)၀၂၇၃၃၂]မှ လက်ရှိတရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချရန် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းသန္တာဝင်း [၁၄/ဇလန(နိုင်)၀၈၄၀၁၉] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စန္ဒာ**
**[LL.B, D.B.L, Dip in Eng, D.B.A, WIPO (Switzerland)]**
**အထက်တန်းရှေ့နေ(စဉ်-၂၅၄၅၁)**
**ဖုန်း-၀၉-၄၂၀၇၀၈၆၉၅၊ ၀၉-၉၇၉၂၄၉၂၁၆**

**✻ ကျောဖုံးမှ**

ဘာစီလိုနာအသင်းကို လေးမှတ်အကွာနဲ့ ဆက်လက်ဖိအားပေးနိုင်ခဲ့တာဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းကတော့ စပိန်လာလီဂါပွဲစဉ်(၃၃)မှာ ဗယ်လက်ကာနိအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး ဗယ်လက်ကာနိအသင်းကို သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ဗယ်လက်ကာနိအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ရမှတ် ၆၆ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၃)နေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့ပါတယ်။ ရီးယဲလ်ဘတ်တစ်အသင်းကတော့ ပွဲစဉ်(၃၃)မှာ ဗယ်လာဒိုးလစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး ဗယ်လာဒိုးလစ်အသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်ဘတ်တစ်အသင်းဟာ ဗယ်လာဒိုးလစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါ အမှတ်ပေးဇယားအဆင့်(၅)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီး ဗယ်လာဒိုးလစ်အသင်းကတော့ လာလီဂါပွဲစဉ်(၃၃)ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၆ မှတ်နဲ့ အမှတ်ပေးဇယားအောက်ဆုံးနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ **ငွေကြယ်**

**❍ MNL မှ**

ထက်ဝေယံစိုး၊ ၁၇ မိနစ်တွင် လမင်းပြည့်စုံ၊ ၄၅+၃ မိနစ်တွင် ကောင်းခန့်ကျော်၊ ၅၇ မိနစ်တွင် ရဲဝင်းအောင်၊ ၆၂ မိနစ်တွင် ခွန်းချိုထူးတို့က သွင်းယူခဲ့သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

ပွဲစဉ်(၁) တတိယနေ့ကို မေ ၂၆ ရက်မှာ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ တောင်ဒဂုံကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

**❖ဆီးဂိမ်းပြိုင်ပွဲမှ**

မြန်မာ ယူ-၂၂ အသင်းသည် မတ်လအတွင်းက ဟောင်ကောင် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲအပြီးတွင် လေ့ကျင့်မှုမပြတ်စေရန် တစ်ပတ်လျှင် ရက်အနည်းငယ် လေ့ကျင့်လျက်ရှိပြီး ပြည်တွင်းအသင်းများနှင့် ခြေစမ်းပွဲကစားလျက်ရှိသည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် လာမည့်ရက်ပိုင်းအတွင်း စတင်မည့် MNL League Cup ပြိုင်ပွဲအတွက် ပြင်ဆင်မှုအဖြစ် ယခုခြေစမ်းပွဲကစားသော်လည်း ဂိုးပြတ်အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။ ဒဂုံစတားအသင်းသည် ပြီးခဲ့သည့်ရာသီက ပါဝင်ကစားခဲ့သည့် ကစားသမားအများစု အသင်းပြောင်းသွားသဖြင့် ကစားသမားသစ်များဖြင့် ပြန်လည်တည်ဆောက်နေရခြင်းဖြစ်ပြီး မြန်မာ ယူ-၂၂ အသင်းတွင် ရွေးချယ်ခံရသူများမှာမူ နှစ်သင်းစလုံးတွင် ပါဝင်ကစားခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းအတွက် အနိုင်ဂိုးများကို ဖွဲ့မာန်သာက နှစ်ဂိုး၊ ချစ်အေးနှင့် စွမ်းထက်တို့က တစ်ဂိုးစီသွင်းယူခဲ့သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

# FIFA-MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ(ရန်ကုန်ဇုန်) ပြန်လည်ကျင်းပ

**နေပြည်တော် မေ ၂၅**

FIFA-MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ (ရန်ကုန်ဇုန်) ပွဲစဉ်(၄) ပထမနေ့ကို မေ ၂၅ ရက်က ပြန်လည်ကျင်းပသည်။ ယင်းပြိုင်ပွဲကို ဇန်နဝါရီလကုန်ပိုင်းကတည်းက ရပ်နားထားခြင်းဖြစ်ပြီး သုံးလနီးပါးအကြာတွင် ပြန်လည်ကျင်းပခြင်းဖြစ်သည်။

ပွဲစဉ်(၄) ပထမနေ့ နံနက်ပိုင်းပွဲစဉ်များတွင် မင်္ဂလာဒုံစီးတီးအသင်းက အာသာဝတီအသင်းကို သုံးဂိုး-ဂိုးမရှိ၊ Mar Rein အသင်းက Southern Yangon Star အသင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ ညနေပိုင်း ကျင်းပသည့်ပွဲစဉ်များတွင် ရှိုင်ရယ်ရန်ကုန်အသင်းက မြသီတာအသင်းကို ၂၀ ဂိုး-ဂိုးမရှိ၊ ရွှေပြည်သာယူနိုက်တက်အသင်းက Golden Light အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှိုင်ရယ်ရန်ကုန်အသင်းသည် ဇယားအောက်ပိုင်းမှ မြသီတာအသင်းကို ဂိုးပြတ်သွင်းပြီး လေးပွဲဆက်အနိုင်ရရှိခဲ့သည်။ Mar Rein အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းမှာလည်း ဂိုးပြတ်နိုင်ပွဲရယူပြီး ဇယားထိပ်ပိုင်းသို့ ရောက်ရှိလာသည်။


ရွှေပြည်သာယူနိုက်တက်နှင့် Golden Light အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ပွဲစဉ်(၄) ဒုတိယနေ့ကို မေ ၂၆ ရက် ညနေပိုင်းတွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁)၌ Yangon Focus အသင်းနှင့် Burmese Youths အသင်း၊ သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၂)၌ ရန်ကုန်တောင်ဇလပ်အသင်းနှင့် The Honour အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း ဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ကျန်စစ်သားအိမ်ရာ၊ တိုက်အမှတ်(၈၃)၊ အခန်းအမှတ်(၁၀၁)အား ဒေါ်မြင့်ဥမ္မာအောင် [၁၂/လသန(နိုင်)၀၀၂၅၃၀]ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ထက်ထက် [၁၂/လသယ(နိုင်)၀၈၀၈၁၃]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး**
**ဦးစီးဌာန**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံ့တာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်...**

❖ **လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



မြန်မာယူ-၂၂ အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ ယူ-၂၂ အသင်း ခြေစမ်းပွဲကစား

ရန်ကုန် မေ ၂၅

ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့်ဆီးဂိမ်းပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာယူ-၂၂ အသင်းသည် မေ ၂၅ ရက် နံနက်ပိုင်းတွင် သုဝဏ္ဏကွင်း၌ မြန်မာနေရှင်နယ်လိဂ်ကလပ် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ လေးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ စာမျက်နှာ ၂၄ ကော်လံ ၃ သို့ ❖

## ရီးယဲလ်မက်ဒရစ်၊ အက်သလက်တီကိုမက်ဒရစ်နဲ့ ရီးယဲလ်ဘတ်တစ်တို့ နိုင်ပွဲကိုယ်စီရရှိခဲ့

မေ ၂၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါ ပွဲစဉ်(၃၃)မှာ ရီးယဲလ်မက်ဒရစ်အသင်း၊ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ရီးယဲလ်ဘတ်တစ်အသင်းတို့ဟာ နိုင်ပွဲကိုယ်စီရရှိခဲ့ကြပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဂီတာဖေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်းပွဲကစားချိန် ၂၁ မိနစ်မှာ ဂူလ်လာက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဂီတာဖေးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းဟာရမှတ်စုစုပေါင်း ၇၂ မှတ်ရရှိကာ အမှတ်ပေးဇယားထိပ်က စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ✻



ဂီတာဖေးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL ယူ-၂၁ လူငယ်လိဂ်တွင် ရန်ကုန်ယူနိုက်တက် ဂိုးပြတ်အနိုင်ရ



ရန်ကုန်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

ရန်ကုန် မေ ၂၅

၂၀၂၅ MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) ဒုတိယနေ့ကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်း ဂိုးပြတ်အနိုင်ရပြီး ရခိုင်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ သရေကျခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ရာသီအဖွင့်ပွဲမှာပင် ဂိုးဒါဇင်ဝက်သွင်းယူပြီး အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်း အတွက် အနိုင်ဂိုးများကို ၆၊ ၁၆ မိနစ်တွင် စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ○


ယနေ့ ဖတ်စရာ

အာဖဂန်နစ္စတန်နိုင်ငံသို့ အာဖဂန်ဒုက္ခသည် ၁၂၀၀၀ နီးပါး ပြန်လည်ရောက်ရှိ
စာမျက်နှာ » ၁၃

ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်
စာမျက်နှာ » ၁၅

၂၀၂၅ ခုနှစ် ဧပြီလအတွင်း (၁-၄-၂၀၂၅ ရက်နေ့မှ ၁၅-၄-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်
စာမျက်နှာ » ၂၂